# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်

# မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများ၏ပါဝင်မှုဆိုင်ရာ

# သုတေသနလေ့လာချက်


<u>ရေးသားသူများ</u>

Nicholas Ross
La San Aung
Htawshe Lum Hawng

**မိတ်ဆက်နိဒါန်း**

ပဋိပက္ခလွန်ကာလနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့သည် လူ့အဖွဲ့အစည်းတစ်ခုအတွက် အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန် အကောင်းဆုံးအခွင့်အလမ်း ပြတင်းပေါက် ဖြစ်ပေသည်။ အချို့နိုင်ငံများတွင် အမျိုးသမီးများ၊ လူငယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ အလုပ်သမားလူတန်းစားနှင့် မသန်စွမ်းသူများကဲ့သို့သော ဖယ်ကြဉ်ခံလူအုပ်စုများသည် ၎င်းတို့အတွက် တရားမျှတမှုနှင့် ပါဝင်မှုပိုမိုရရှိလာစေရန် အဆိုပါအခွင့်အလမ်းကို အမိအရဆုပ်ကိုင်အသုံးချပြီး ၎င်းတို့အတွက် မျှတမှုနှင့် လူမှုဖူလုံရေးတို့ကို အာမခံသော၊ ပဋိပက္ခကာလအတွင်း အမှားကျူးလွန်ခဲ့သူများ၏တာဝန်ခံမှုကို သေချာစေသော ငြိမ်းချမ်းရေးသဘောတူစာချုပ်များ ဖြစ်လာအောင် ဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာမူ နိုင်ငံရေးစနစ် (အထူးသဖြင့် လုံခြုံရေးကဏ္ဍ)၏ ပြုပြင်ပြောင်းလဲမှုကို ဦးစားပေးဆောင်ရွက်သော လုပ်ငန်းစဉ်များမှာ အဓိကဖြစ်နေပြီး ငြိမ်းချမ်းရေးဆွေးနွေးမှု အစီအစဉ်များတွင် မသန်စွမ်းသူများ၏အရေးကိစ္စအား ထင်ရှားစွာ ထည့်သွင်းဆောင်ရွက်မှုမရှိသေးသည်ကို တွေ့ရှိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လက်နက်ကိုင်ပဋိပက္ခ၏သားကောင်ဖြစ်ခဲ့ရသူများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှု ပေါ်ပေါက်ရန် အခွင့်အလမ်းလည်းဖြစ်ပါသည်။ မြေမြှုပ်မိုင်းများသည် ပြည်သူများအား သေကြေပျက်စီးစေခြင်း၊ မသန်စွမ်းဖြစ်စေခြင်းနှင့် နေရပ်စွန့်ခွာထွက်ပြေးခြင်းတို့ကို ဖြစ်စေသော အဓိကအကြောင်းရင်းဇစ်မြစ်တစ်ခုဖြစ်ပါသည်။ အချို့ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် မြေမြှုပ်မိုင်းကို ပဋိပက္ခ၏သားကောင်များဖန်တီးရာ အကြောင်းအချက်၊ လုံခြုံရေးနှင့်ဆက်နွယ်ပြီး ပေါ်ပေါက်လာသော ကိစ္စရပ်အဖြစ် ရှုမြင်သတ်မှတ်လာကြသည်။

မြေမြှုပ်မိုင်းနှင့်ပေါက်ကွဲစေတတ်သောလက်နက်များ စောင့်ကြည့်ရေးအဖွဲ့၏ ၂၀၁၉ ခုနှစ် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ မြေမြှုပ်မိုင်းအသုံးပြုနေဆဲ ကမ္ဘာ့ ၆ နိုင်ငံ စာရင်းတွင် ပါဝင်နေပြီး အစိုးရလုံခြုံရေးတပ်ဖွဲ့များကိုယ်တိုင် မြေမြှုပ်မိုင်းအသုံးပြုသော တစ်ခုတည်းသောနိုင်ငံဖြစ်သည်ဟု သတ်မှတ်ခံထားရသည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုအတွင်း သမ္မတဦးသိန်းစိန်အစိုးရပြောကြားသည့် မိန့်ခွန်းများအရ မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းကြောင့် လူပေါင်း ၁၆၀၀ ခန့် သေဆုံး/ဒဏ်ရာရခဲ့ကြရသည်ဟု သိရှိရပြီး ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းမှာ ကချင်၊ ကရင်၊ ရှမ်းအရှေ့နှင့် ပဲခူးအရှေ့ဒေသများမှဖြစ်ကြောင်း တွေ့ရှိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြေမြှုပ်မိုင်းဒဏ်သင့်ပြည်သူများနှင့် နေရပ်စွန့်ခွာထွက်ပြေးရသူများ၏ နစ်နာမှုများအား ကုစားရန်နှင့် ၎င်းတို့၏တရားမျှတမှုကို ဆောင်ကြဉ်းပေးနိုင်မည့် အရေးပါသောအခွင့်အလမ်းတစ်ခု ဖြစ်သကဲ့သို့ ငြိမ်းချမ်းရေးတည်ဆောက်ချိန်သည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် မြေမြှုပ်မိုင်းအသုံးပြုခြင်းကို အဆုံးသတ်ရန် ကတိကဝတ်ပြုနိုင်ကြမည့် အရေးကြီးသောအခါအခွင့်လည်း ဖြစ်ပါသည်။

ဤအစီရင်ခံစာသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများအကြောင်း ဖော်ထုတ်တင်ပြထားပြီး မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများ၏အသံကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ ပထမအပိုင်းတွင် ထိခိုက်ဒဏ်ရာရမှုများမှ မသန်စွမ်းဖြစ်လာပုံ၊ မသန်စွမ်းမှုကြောင့် အလုပ်ရှာဖွေရခက်ခဲပုံ၊

ခွဲခြားဆက်ဆံခံရပုံများနှင့် လိုအပ်သောဝန်ဆောင်မှုများအကြောင်းတို့ကို ကာယကံရှင်မသန်စွမ်းသူများ၏ အတွေ့အကြုံများနှင့်တကွ ဖော်ပြထားပြီး ဒုတိယပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ဆက်နွှယ်သော မြေမြှုပ်မိုင်းများ အကြောင်းကိစ္စ ပါဝင်ပါသည်။ ထိုအချက်တွင် မသန်စွမ်းသူများသည် မြေမြှုပ်မိုင်းနှင့်စပ်လျဉ်း၍ မည်သို့ခံစားနေရသည်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မည်သည်တို့ကို ထည့်သွင်းဆောင်ရွက်စေလိုသည်နှင့် မြေမြှုပ်မိုင်းကို နိုင်ငံရေးကိစ္စရပ်အဖြစ် ရှုမြင်ပုံတို့ကို ထည့်သွင်းဖော်ပြထားသည်။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်ရှိ မသန်စွမ်းသူ ၃၄ ဦးနှင့် မသန်စွမ်းမိသားစုဝင် ၆ ဦးတို့ကို တွေ့ဆုံမေးမြန်းပြီး ဤအစီရင်ခံစာကို အခြေပြုထားပါသည်။ ထို့အပြင် မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုပေးနေသော အရပ်ဘက်အဖွဲ့အစည်း ၆ ဖွဲ့နှင့် တွေ့ဆုံမေးမြန်းထားသော အကြောင်းအရာအချက်အလက်များလည်း ပါဝင်ပါသည်။ ဤသုတေသနစီမံချက်ကို မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ)၏ကိုယ်စား၊ FHI360 ၏ရန်ပုံငွေပံ့ပိုးမှုဖြင့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းက ပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။

## အပိုင်း (၁) မြန်မာနိုင်ငံရှိ မြေမြှုပ်မိုင်းများ

ဤအပိုင်းတွင် မြန်မာနိုင်ငံရှိ မြေမြှုပ်မိုင်းများသမိုင်းကြောင်း၊ စီမံချက်က တွေ့ဆုံမေးမြန်းခဲ့သော မိုင်းဒဏ်သင့် မသန်စွမ်းသူများ၏အတွေ့အကြုံများနှင့် အကြောင်းအရာသတင်းအချက်အလက်များ ပါဝင်ပါသည်။ ကာယကံရှင်မသန်စွမ်းသူများကိုယ်တိုင်ပြောပြသော ၎င်းတို့ မသန်စွမ်းဖြစ်လာပုံ၊ မသန်စွမ်းမှုသည် ၎င်းတို့၏ဘဝအပေါ် မည်သို့သက်ရောက်သည်နှင့် မိုင်းဒဏ်သင့်ပြီးနောက်ပိုင်း ၎င်းတို့၏ဘဝပုံစံများ မည်သို့ဖြစ်ပျက်ခဲ့ကြသည်ကို တင်ပြထားပါသည်။

## မြေမြှုပ်မိုင်းများ သမိုင်းကြောင်း

မြေမြှုပ်မိုင်းများသည် မြေကြီးပေါ် (သို့မဟုတ်) မြေကြီးအောက်တွင် မြှုပ်နှံထားသော ပေါက်ကွဲပစ္စည်း အမျိုးအစားဖြစ်ပြီး စနက်တံ သို့မဟုတ် နှစ်ပင်လိမ်ဝါယာမှတဆင့် တိုက်ပွဲဝင်တပ်ဖွဲ့ကိုရော အရပ်သားများကိုပါ ပေါက်ကွဲထိခိုက်ပျက်စီးစေသောအရာဖြစ်သည်။ မြေမြှုပ်မိုင်းသည် တပ်ဖွဲ့ဝင်/အရပ်သား နှစ်ဘက်စလုံးကို ထိခိုက်သေကြေပျက်စီးစေခြင်း၊ လက်နက်ကိုင်ပဋိပက္ခလွန်နောက်ပိုင်း မိုင်းရှင်းလင်းရေးတာဝန်ကြီးလေးခြင်း၊ အဆိုပါလုပ်ငန်းစဉ်သည် ခက်ခဲပြီး ငွေကုန်ကြေးကျများပြားခြင်းနှင့် ဆယ်စုနှစ်ပေါင်းများစွာ အရပ်သားများကို ဆက်လက်ဒုက္ခပေးခြင်းတို့ကြောင့် မြေမြှုပ်မိုင်းအသုံးပြုခြင်းကို နိုင်ငံများစွာတွင် ဥပဒေပြဋ္ဌာန်း၍ တင်းကြပ်စွာ တားမြစ်ထားကြသည်။ အဆိုပါအကြောင်းရင်းများကြောင့် အစိုးရတပ်ဖွဲ့များအားလုံးနီးပါးနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့အများစုသည် မြေမြှုပ်မိုင်းကို ယနေ့ခေတ်တွင် လုံးဝအသုံးပြုခြင်း မရှိကြတော့ချေ။

၁၉၈၀ နှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဈေးပေါပြီး အသုံးပြုရလွယ်ကူသော မြေမြှုပ်မိုင်းများ ကမ္ဘာတလွှား ပေါ်ပေါက်လာပြီး အစိုးရနှင့် အခြားအုပ်စုများ၏ နယ်မြေထိန်းချုပ်မှုကို ဆန့်ကျင်တိုက်ခိုက်နေသော အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များအကြား တွင်ကျယ်စွာ အသုံးပြုသည့် တန်ဖိုးနည်းလက်နက်အဖြစ်

ဖြန့်ချီရောင်းချလာကြသည်။ အဆိုပါမြေမြှုပ်မိုင်းများ ပြန့်ပွားခြင်းပြဿနာကို ကိုင်တွယ်တားဆီးရန် ၁၉၈၀ ခုနှစ်တွင် သမရိုးကျလက်နက်များ တားဆီးကန့်သတ်ရေးသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ပါဝင်ဖက်နိုင်ငံများသည် မိမိနိုင်ငံရှိ အစိုးရနှင့်အစိုးရမဟုတ်သော လက်နက်ကိုင်တပ်များ၏ မြေမြှုပ်မိုင်းအသုံးပြုခြင်းကို ပိတ်ပင်ရန်၊ မိုင်းကွင်းမြေပုံများကို စနစ်တကျမှတ်တမ်းထားရှိရန်၊ မိုင်းကွင်းများတည်နေရာကို အမှတ်အသားပြုလုပ်ရန်၊ မြေမြှုပ်မိုင်းများကို ဖျက်စီးပစ်ရန်နှင့် ပဋိပက္ခပြီးဆုံးသည့်အခါ မိုင်းရှင်းလင်းရေး လုပ်ဆောင်ရန်တို့ကို လိုက်နာဆောင်ရွက်ရန် ကတိကဝတ်ပြုထားခဲ့ကြသည်။ မြေမြှုပ်မိုင်းအသုံးပြုခြင်းကို ၁၉၉၉ ခုနှစ်တွင် အော့တဝါစာချုပ် (ဝါ) မိုင်းရှင်းလင်းရေးစာချုပ်ဖြင့် ဆက်လက်တိုးချဲ့ကန့်သတ်ခဲ့ပြီး အဆိုပါစာချုပ်တွင် ၂၀၂၀ ခုနှစ်စာရင်းအရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး၏ ၈၆ ရာခိုင်နှုန်းသည် စာချုပ်အဖွဲ့ဝင်ဖြစ်လာကာ မြေမြှုပ်မိုင်းအသုံးပြုခြင်းကို လုံးဝရပ်တန့်ရန်၊ ထောင်ထားသောမိုင်းများကို ဆယ်နှစ်အတွင်း အပြီးသတ်ဖယ်ရှားရှင်းလင်းရန်နှင့် သိုလှောင်ထားသောမိုင်းများကို ဖျက်စီးပစ်ရန် ကတိကဝတ် ပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် အဆိုပါစာချုပ်တွင် အဖွဲ့ဝင်ထားခြင်း မရှိသေးပါ။ သို့သော် မိုင်းရှင်းလင်းရေးစာချုပ် (သို့မဟုတ်) သမရိုးကျလက်နက်များတားဆီးကန့်သတ်ရေး သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော နိုင်ငံများသည်လည်း မြေမြှုပ်မိုင်းများအသုံးပြုခြင်းကို တားမြစ်သည့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေကို လေးစားလိုက်နာရန်အချက်အား အချို့သောပညာရှင်များနှင့် လေ့လာသူများက ပြောဆိုထောက်ပြလာကြပါသည်။

## မြန်မာနိုင်ငံရှိ မြေမြှုပ်မိုင်းများ

မြန်မာနိုင်ငံသည် အာဖဂန်နစ္စတန်နှင့် ကိုလံဘီယာနိုင်ငံပြီးနောက် မြေမြှုပ်မိုင်း တတိယအများဆုံး အသုံးပြုနေသော နိုင်ငံဖြစ်သည်ဟု ခန့်မှန်းကြသည်။ ကမ္ဘာတဝန်း အတင်းအကြပ် နေရပ်စွန့်ခွာခံရသူများအရေးကို အကူအညီပေးနေသော Displacement Solutions အဖွဲ့၏အဆိုအရ မြန်မာနိုင်ငံ၏နယ်မြေကေ ၅ သန်းခန့်မှာ မြေမြှုပ်မိုင်းအန္တရာယ်နှင့် ကြုံနေရကြောင်း သိရှိရသည်။ ၁၉၇၀ ပြည့်လွန်နှစ်များမှစတင်၍ မြေမြှုပ်မိုင်းများသည် လက်နက်ကိုင်ပဋိပက္ခများ၏ ထင်ရှားသောအင်္ဂါရပ်တစ်ခု ဖြစ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်၊ မဟာမိတ်များနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့၏ စစ်ဗျူဟာတွင် မြေမြှုပ်မိုင်းကို အနည်းငယ်သာ အသုံးပြုခဲ့ကြသော်လည်း မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများကာလအတွင်းတွင်မူ မြန်မာ့တပ်မတော်နှင့် ၎င်းကိုဆန့်ကျင်သောလက်နက်ကိုင်တပ်ဖွဲ့များသည် ခေတ်မီလက်နက်အသစ်များရရှိရန် သိသိသာသာ အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရပြီး ဒုတိယကမ္ဘာစစ်လက်ကျန် လက်နက်ခဲယမ်းများနှင့် အမြှောက်များအပေါ် အဓိကမှီခိုအားထားလာခဲ့ကြသည်။ ၁၉၆၀ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံသည် မိုင်းအပါအဝင် လက်နက်ခဲယမ်းများကို ပြည်တွင်း၌ပင် ထုတ်လုပ်တပ်ဆင်လာခဲ့သည်။ အခြားတဘက်တွင်လည်း တရုတ်နိုင်ငံသည် ဗမာပြည်ကွန်မြူနစ်ပါတီကို မြေမြှုပ်မိုင်းအပါအဝင် ထောက်ပံ့ကူညီမှုအမြောက်အများ ပြုလုပ်ခဲ့ပြီး ကွန်မြူနစ်ပါတီလှုပ်ရှားရာ နိုင်ငံအရှေ့မြောက်ဒေသတွင် မြေမြှုပ်မိုင်းအသုံးပြုမှုများ ပြန့်ပွားလာခဲ့သည်။

၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ ပြည်တွင်းတွင် မြေမြှုပ်မိုင်းထုတ်လုပ်လာခြင်းနှင့် သောင်းကျန်းသူ လက်နက်ကိုင်များအကြား မိုင်းလက်နက် မှောင်ခိုဈေးကွက် ကြီးထွားလာခြင်းတို့သည် စစ်ရေးဗျူဟာများတွင်

မြေမြှုပ်မိုင်း၏အရေးပါပုံကို အထောက်အပံ့ဖြစ်စေခဲ့ပြီး ယင်းအချက်သည် မြေမြှုပ်မိုင်းများ ပိုမိုတွင်ကျယ်စွာ အသုံးပြုလာရခြင်း၏ အစလည်း ဖြစ်ပေသည်။

**မြေမြှုပ်မိုင်းနှင့် စစ်ရေးဗျူဟာများ**

မြေမြှုပ်မိုင်းများကို တပ်မတော်အပါအဝင် နယ်ခြားစောင့်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တခါတရံ အရပ်သားများကိုယ်တိုင်က အသုံးပြုနေကြသည်။ အဆိုပါအင်အားစုများသည် ပုံစံအမျိုးမျိုးသော မြေမြှုပ်မိုင်းများကို နည်းလမ်းမျိုးစုံဖြင့် အသုံးပြုနေကြသည်။ မြေမြှုပ်မိုင်းဟုဆိုရာတွင် မိုင်းထောင်ထားသည့် တည်နေရာကို သိနိုင်သည့် Registered Mines နှင့် တည်နေရာကို မသိနိုင်သည့် Lost Mines ဟူ၍ ခြားနားပါသည်။ မြန်မာနိုင်ငံရှိ လက်နက်ကိုင်များအားလုံးသည် မိမိတို့၏ယာယီ (သို့မဟုတ်) အမြဲတမ်း တပ်စခန်းများကို ကာကွယ်ရန် မြေမြှုပ်မိုင်းများကို အဓိက အသုံးပြုကြသည်။ များသောအားဖြင့် အဆိုပါမိုင်းများ၏တည်နေရာကို မြေပုံရေးဆွဲ၍ မှတ်တမ်းပြုလုပ်ထားကြပြီး မိုင်းများသည် အတွဲလိုက်/ အုပ်စုလိုက် တည်ရှိနေကြသည်ဖြစ်၍ စောင့်ကြည့်မှတ်သားရန် လွယ်ကူပါသည်။ အခြားသောနိုင်ငံများနှင့် မတူညီသည့်အချက်မှာ မြန်မာနိုင်ငံတွင် စစ်ဘက်စခန်းများ၊ အရေးကြီးအဆောက်အအုံများကို ကာကွယ်ရန် ထောင်ထားသည့်မိုင်းကွင်း အနည်းစုတွင်သာလျှင် သတိပေးသင်္ကေတ အမှတ်အသားများ ရှိနေပါသည်။

မြန်မာနိုင်ငံတွင် ကျန်ရှိနေသောမိုင်းကွင်းများသည် တည်နေရာမှတ်သားမထားသော မိုင်းများ မြှုပ်ထားရာနေရာများအဖြစ် ပြန့်နှံ့စွာ တည်ရှိနေကြသည်။ လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ ထိန်းချုပ်နယ်မြေအတွင်း တပါးသူဝင်ရောက်လာမှုကို ဟန့်တားရန် မြေမြှုပ်မိုင်းကို အဓိကအင်အားအဖြစ် အသုံးပြုကြသည်။ လက်နက်ကိုင်များက မိမိကိုယ်မိမိ ခုခံကာကွယ်မှုအတွက် တောင်ကုန်းနှင့် သစ်တောထူထပ်ရာနေရာတဝိုက်တွင် ပြန့်ကျဲစွာ ထောင်ထားသော မြေမြှုပ်မိုင်းများသည် ဆန့်ကျင်ဘက်တပ်ဖွဲ့များ၏ ကျူးကျော်မှုကို ယိုင်လဲချိနဲ့စေရန်၊ စစ်ရေးလှုပ်ရှားမှုများကို နှောင့်နှေးစေရန်နှင့် တိုက်ခိုက်ရေးစိတ်ဓါတ်ကို အားပျော့သွားစေရန်တို့ကို ဦးတည်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံရှိ မြေမြှုပ်မိုင်းများ၏ဝန်ထုပ်ဝန်ပိုးကိစ္စ ပြေလည်ရေးဆောင်ရွက်ရာတွင် မှတ်တမ်းမှတ်ရာများ စနစ်တကျ ပြုစုထိန်းသိမ်းထားမှုမရှိခြင်းနှင့် မြေမြှုပ်မိုင်းတည်ရှိရာ နေရာနယ်နိမိတ်များ မှတ်သားမထားခြင်းတို့သည် အဓိကအားနည်းချက် ဖြစ်နေပါသည်။ မိုင်းထောင်ထားခဲ့ရာနေရာကို မြေပုံဖြင့် မှတ်တမ်းတင်မှတ်သားထားသော်လည်း မြန်မာနိုင်ငံသည် မိုးများသည့်ဒေသဖြစ်ခြင်းကြောင့် မိုးရေတိုက်စားမှုမှတဆင့် အပေါ်ယံမြေဆီလွှာများ ပုံစံပျက်လာပြီး မူလထောင်ထားသည့်မိုင်းသည် နေရာအသစ်သို့ ရွေ့လျားသွားကာ ပေါက်ကွဲထိခိုက်မှုများ ဖြစ်စေပြန်သည်ကိုလည်း တွေ့ရှိရသည်။

မြေမြှုပ်မိုင်းထောင်ခြင်းနှင့် ပြန်လည်ရှင်းလင်းခြင်း အတွေ့အကြုံများနှင့်စပ်လျဉ်း၍ ကေအန်ယူ တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက -

"ကျွန်တော်တို့ ညဘက် စခန်းချတဲ့အခါ တောင်စောင်းတွေနဲ့ တောင်ကုန်းအနီးတဝိုက်မှာ မိုင်းလိုက်ထောင်တယ်။ ထောင်ခဲ့တဲ့နေရာကို မြေပုံဆွဲပြီး မှတ်သားထားတာမျိုးတော့ မရှိဘူး။ ဒါပေမဲ့ ဘယ်နေရာမှာ ထောင်ခဲ့တယ်ဆိုတာကိုတော့ ကိုယ့်ဟာကိုကြည့်ပြီး မှတ်ထားတယ်။ တပ်သားတစ်ယောက်စီတိုင်းက မိုင်းသုံးလုံးစီကို တာဝန်ယူရတယ်။ မိုင်းထောင်တဲ့အခါ အန္တရာယ်မရှိပေမဲ့ မနက်မိုးလင်းရောက်ရင် စခန်းဖျက်သိမ်းပြီး နောက်တစ်နေရာကို ဆက်ချီတက်တဲ့အခါ

ထောင်ထားတဲ့မိုင်းတွေကို ပြန်လိုက်ဖော်ရတာက ပိုအန္တရာယ်ကြီးပါတယ်။ အခြားရဲဘော်တွေက ဘယ်နေရာမှာ ထောင်ထားကြတယ်ဆိုတာ မသိတော့ ကိုယ့်မိုင်းကို ပြန်ဖော်တဲ့အခါ ကိုယ်လဲကြောက်တာပေါ့။ တခါတလေ တချို့ရဲဘော်တွေက အရက်သောက်ထားတော့ သူတို့ထောင်ထားတဲ့နေရာ မမှတ်မိတော့တာတွေလဲ ရှိနိုင်တယ်။ ရံဖန်ရံခါ တချို့တပ်ဖွဲ့ဝင်တွေဟာ သူတို့မိုင်းကို ပြန်ဖော်ရင်း ဒဏ်ရာရသွားတာတွေလဲ ရှိတယ်။ ပြန်ရှာမတွေ့တော့လို့ မြေကြီးထဲမှာ ကျန်နေခဲ့တဲ့ မိုင်းတွေလဲ ရှိနိုင်တယ်" ဟုဆိုသည်။

တွေ့ဆုံမေးမြန်းခွင့်ရခဲ့သူများထဲမှ တစ်ဦးဖြစ်သော အသက် ၃၉ နှစ်ရှိ ကေအိုင်အေ တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးသည်လည်း မိုင်းရှင်းလင်းရင်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ မြေမြှုပ်မိုင်းများ ပြန်လည်ဆယ်ယူရေးအထူးဆောင်ရွက်ချက်သည် မြေပြင်တွင် ကျန်နေသောမိုင်းများလျှော့နည်းရေးကို များစွာအထောက်အကူဖြစ်စေသည်။ အရပ်သားများသည်ပင်လျှင် ၎င်းတို့၏ဒေသနှင့် သဘာဝသယံဇာတများကို တပ်မတော်၊ ပြည်သူ့စစ်၊ တိုင်းရင်းသားလက်နက်ကိုင် အစရှိသည့်အဖွဲ့များ၏ သိမ်းယူမှုမှကာကွယ်ရန် မြေမြှုပ်မိုင်းကို အသုံးပြုကြသည်ဟု လေ့လာမှုတချို့က ဆိုသည်။ သို့သော် ဤစီမံချက်တွင် အဆိုပါဖြစ်ရပ်အကြောင်း အရပ်သားများ ပါဝင်ဖြေဆိုထားမှုမရှိပါ။

## မြန်မာနိုင်ငံနှင့် မိုင်းရှင်းလင်းရေး

မြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေအတွင်းတွင် မြေမြှုပ်မိုင်း အများအပြားရှိသော်လည်း အဆိုပါမိုင်းအများစုကို ယနေ့တိုင် မရှင်းလင်းနိုင်သေးပါ။ အဓိကအကြောင်းရင်းမှာ မြေမြှုပ်မိုင်းအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ရှုတ်ထွေးသော အငြင်းပွားဖွယ်ရာကိစ္စရပ်များကြောင့် ဖြစ်သလို တပ်မတော်နှင့် အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ပဋိပက္ခအပေါ် နိုင်ငံရေးအဖြေရှာမှုများ သိသိသာသာ တိုးတက်မှုမရှိပဲ မိုင်းရှင်းလင်းရေးကို သဘောတူလုပ်ဆောင်ရန် တွန့်ဆုတ်နေကြခြင်းကြောင့် ဖြစ်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်သို့ ဦးတည်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အစိုးရဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် National Mine Risks Working Group ကို ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ထိုနှစ်တွင်ပင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းဗဟိုဌာနၡ Myanmar Mine Action Center ကိုလည်း ဖွဲ့စည်းထူထောင်ခဲ့သည်။ နောက်တစ်နှစ်တွင် အမျိုးသားသတ္တုတွင်းလုပ်ငန်းစံချိန်စံညွှန်းများနှင့် မဟာဗျူဟာမူကြမ်းကို စတင်ပြုစုခဲ့သည်။ သို့သော် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းဗဟိုဌာန ဖျက်သိမ်းသည့် ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် Myanmar Mine Action Center သည်လည်း နိဂုံးချုပ်သွားခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် အစိုးရမဟုတ်သော ပါဝင်ဖက် အဖွဲ့အစည်းများအနေဖြင့် အပစ်အခတ်ရပ်စဲရေးဇုန်များတွင် မြေမြှုပ်မိုင်းအသစ်များ ထောင်ခြင်းကို ရှောင်ကြည်ကြရန် ကတိပြုထားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်မှုရှိလာသည်နှင့်အမျှ နှစ်ဘက်စလုံးမှ တပ်ဖွဲ့များက မြှုပ်နှံထားသည့်မိုင်းများကို ရှင်းလင်းကြရန်နှင့် နိုင်ငံတော်အစိုးရနှင့်ဆွေးနွေးပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းဆောင်ရွက်သွားကြရန် သဘောတူညီထားခဲ့ကြသော်လည်း သိသာထင်ရှားသော တိုးတက်မှုများ မရှိလာခဲ့သေးပါ။

မြေမြှုပ်မိုင်းအသုံးပြုမှုတားမြစ်ရေးကို တပ်မတော်မှ အကောင်အထည်ဖော်လာရေး အကြံပြုပေးရန် International Campaign to Ban Landmines အဖွဲ့သို့ မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ကြေငြာချက်ထုတ်ပြန်တိုက်တွန်းခဲ့သည်။ 2019 Mine Action Review အရ တပ်မတော်သည် မြေမြှုပ်မိုင်း အသစ်များကို ဆက်လက်အသုံးပြုနေဆဲဖြစ်သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရေရှည်အနာဂတ်အပေါ် ယုံကြည်မှုမရှိသေးခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း ၎င်းတို့၏ ထိန်းချုပ်မှုနယ်မြေအတွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ခွင့်ပြုပေးရန် တွန့်ဆုတ်နေကြဆဲဖြစ်သည်ကို တွေ့ရှိရသည်။

## မြေမြှုပ်မိုင်းများမှတဆင့် အရပ်ဘက်အပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်လာမှု - မြေမြှုပ်မိုင်းကြောင့် မသန်စွမ်းဖြစ်လာသူများနှင့် တွေ့ဆုံမေးမြန်းထားမှုများ

မြေမြှုပ်မိုင်းအများစုသည် ရန်သူကို အသက်သေဆုံးသွားစေရန်ထက် ကိုယ်လက်အင်္ဂါချို့ယွင်းပြီး သေရာပါဒဏ်ရာများ ရရှိသွားစေရန် ဦးတည်ရည်ရွယ် ဒီဇိုင်းပြုလုပ်ထားကြသည်ကို တွေ့ရှိရသည်။ ၁၉၉၁ ခုနှစ်တွင် Jonathan Falla ရေးသားထားသည့် "ထိုင်း-မြန်မာ နယ်စပ်အနီးက ပဋိပက္ခများအကြောင်း" စာအုပ်တွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

"သေးငယ်သောမိုင်းများသည် ရန်သူအတွက် ကြီးမားသောနောက်ဆက်တွဲဒုက္ခပြဿနာများကို ဖြစ်ပွားစေသည်ဟု တပ်သားများအကြား ကာလရှည်ကြာ ယုံကြည်လက်ခံထားကြသည်။ ရန်သူကို သေဆုံးအောင် ပြုလုပ်လျှင် ၎င်းအတွက် သင်္ချိုင်းသာလိုအပ်ပြီး အသက်မသေစေပဲ ကိုယ်လက်အင်္ဂါ ချို့ယွင်းသွားအောင် ပြုလုပ်နိုင်လျှင် ၎င်းအတွက် ဆရာဝန်များ၊ သူနာပြုများ၊ သယ်ယူပို့ဆောင်ရေး၊ သွေး၊ ဆေးဝါးများ၊ ခွဲစိတ်ကုသမှုနှင့် ဘဝတစ်သက်တာ ကူညီထောက်ပံ့မှုများကို ရေရှည်လိုအပ်ပြီး ဒုက္ခရောက်စေသည်ဟူသည့်အယူအဆပင် ဖြစ်သည်။"

၂၀၁၇ ခုနှစ် Landmine and Cluster Munition Monitor အစီရင်ခံစာအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းကြောင့်သေဆုံးသူ ၃,၉၉၁ ဦးရှိကြောင်း တွေ့ရှိရပြီး ၎င်းတို့အနက် ၃၃၈၅ (၈၅%) မှာ ဒဏ်ရာရသူများဖြစ်ပြီး ၄၈၈ ဦး (၁၂%) မှာ သေဆုံးသူများဖြစ်ကာ ကျန် ၁၁၈ (၃%) မှာ မည်သို့ဖြစ်သွားမှန်း မသိရှိခဲ့ပါ။ တွေ့ဆုံမေးမြန်းခဲ့သော မသန်စွမ်းသူများအနက် ၄ ပုံ ၁ ပုံခန့်က "အခြားသူများသည် ထိခိုက်ဒဏ်ရာရသည့်ကာလအတွင်း၌ပင် အသက်သေဆုံးသွားကြရသည်" ဟု ဖြေကြားသည်ကို တွေ့ရပါသည်။ ထိခိုက်ဒဏ်ရာရရှိမှုသည် ခြေထောက်ပိုင်းတွင် အများစုဖြစ်ကြပြီး အချို့မှာ လက်ပိုင်းတွင် ဖြစ်သည်ကို တွေ့ရှိရသည်။ ဖြေဆိုသူ ၆ ဦးက ၎င်းတို့၏ခန္ဓာကိုယ်အပေါ်ပိုင်းအထိ ထိခိုက်ဒဏ်ရာရရှိထားကြကြောင်း ဖြေကြားထားကြသည်။


## မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေသောပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်လာပုံ

ယခုနမူနာလေ့လာချက်တွင်ဖော်ပြထားသော မြေမြှုပ်မိုင်းနှင့်ဆက်စပ်သော ထိခိုက်သေဆုံးမှုအများစုမှာ ခရီးသွားရင်း သစ်တောအတွင်း (သို့မဟုတ်) လမ်းပေါ်တွင် ဖြစ်ပွားကြောင်း တွေ့ရှိရသည်။ ဤအချက်သည် အခြားလေ့လာထားမှုများနှင့်လည်း ကိုက်ညီနေပါသည်။ မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှု ခံစားခဲ့ရသူအများစုသည် ၎င်းတို့ဒေသရှိမြေမြှုပ်မိုင်းအန္တရာယ်ကို သတိပြုမိကြသော်လည်း ဆင်းရဲနွမ်းပါးမှု (သို့မဟုတ်) ရွှေ့ပြောင်းခံရမှုများကြောင့် ထိုဒေသအတွင်းသို့ နောက်တဖန် ပြန်လည်ရောက်ရှိရန်

ဖိအားပေးခံကြရသည်။ များသောအားဖြင့် အရပ်သားများက သူတို့ခရီးသွားရာ လမ်းကြောင်း/ ဒေသအတွင်း မြေမြှုပ်မိုင်းများထောင်ထားခြင်းမရှိနိုင်ဟုလည်း ထင်မှတ်ထားကြသည်။

၂၀၁၉ ခုနှစ်တွင် တောင်ယာထဲသို့သွားရင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိလာသော ကိုလှအောင် (၃၇ နှစ်) က "ကျွန်တော်တို့ရွာနီးတဝိုက်မှာ မြေမြှုပ်မိုင်းပေါက်ကွဲတာ တခါမှ မရှိဖူးခဲ့ဘူး။ ဒါကြောင့် မိုင်းနဲ့ပါတ်သက်ပြီး ထိတ်လန့်ကြောက်ရွံ့မှု မရှိခဲ့ဘူးဗျ" ဟုဆိုသည်။

*ပုံ (၁) မြေမြှုပ်မိုင်းကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် နေရာများ*




အရပ်သားများနှင့် စစ်ပြန်များ (တပ်မတော်ရော လက်နက်ကိုင်အဖွဲ့အစည်းများဘက်မှပါ အပါအဝင်)တွင် မြေမြှုပ်မိုင်းကြောင့် မသန်စွမ်းဖြစ်လာရပုံ အတွေ့အကြုံများ အမျိုးမျိုးရှိနေကြသည်။

| **စစ်ပြန်များအခြေအနေ** | |
|---|---|
| တိုင်းရင်းသားလက်နက်ကိုင်ဘက်မှ စစ်ပြန် | ၇ |
| တပ်မတော်ဘက်မှ စစ်ပြန် | ၆ |
| ပေါ်တာဆွဲခံရသူ | ၂ |
| အရပ်သား | ၂၄ |

တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သော စစ်ပြန်အများစုသည် ထိုးစစ် စစ်ဆင်ရေးအတွင်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများဖြစ်သည်။ အဆိုပါမိုင်းများသည် ထောင်ထားသောအုပ်စုက စောင့်ကြည့်နေဆဲဖြစ်သည့် အမှတ်အသားပြုထားသော မိုင်းများ ဖြစ်ပုံရသည်။ အခြားထိခိုက်ဒဏ်ရာရသူများမှာ တပ်မတော်ဘက်မှ ပေါ်တာဆွဲခံရသူများဖြစ်သည်။ ဤသုတေသန နမူနာစစ်တမ်းတွင် ပါဝင်သူ ၂ ဦး၏ဖြေဆိုချက်အရ

ပေါ်တာဆိုသည်မှာ တပ်မတော်စစ်ဆင်ရေးများ၌ ရိက္ခာပစ္စည်းများ သယ်ယူရာတွင် ကုန်ကျစရိတ်သက်သာစေရန် အတင်းအကြပ်ဖိအားပေးခိုင်းစေခံရသော အရပ်သားများဖြစ်သည်။

တပ်မတော်ဆေးတပ်မှ အသက် ၄၅ နှစ်ရှိ အမျိုးသားတစ်ဦးက “တပ်မတော်နဲ့ ကေအန်ယူတိုက်ပွဲမှာ ကျနော် ခြေတစ်ဘက်ဆုံးရှုံးခဲ့တယ်။ အဲ့ဒီတိုက်ပွဲမှာ ရဲဘော်တွေရော ပေါ်တာဆွဲခံရသူတွေရော မိုင်းထိကြတယ်။ ဒဏ်ရာတဘက်နဲ့ သူတို့ကို တတ်နိုင်သလောက် ကျနော် ဆေးကုသပေးခဲ့ရတယ်။ ကျနော်ထင်တယ် အဲ့ဒီမှာ ပေါ်တာဆွဲခံရသူ ၂၀ လောက် ဒဏ်ရာရသွားတယ်” ဟုဆိုသည်။

နောက်အချက်တစ်ခုမှာ မိုင်းထောင်ထားရာနေရာကို အမှတ်အသားမပြုထားသော မြေမြှုပ်မိုင်းများကြောင့် အရပ်သားအများစု ထိခိုက်ဒဏ်ရာ ရရှိသွားကြခြင်းဖြစ်သည်။ အရပ်သားများသည် သစ်တောများ၊ စိုက်ခင်းများ၊ ရွာမြေများအတွင်း အသက်မွေးဝမ်းစာအတွက် သွားလာရင်း (သို့မဟုတ်) အပန်းဖြေနားနေရင်း မိုင်းဒဏ်သင့်ကြသည်ကို အဓိက တွေ့ရှိရသည်။ အသက် ၄၄ နှစ်ရှိ ဒေသခံအမျိုးသားတစ်ဦးသည် ဘုရားပန်းပူဇော်ရန် ပန်းခူးနေစဉ် မိုင်းသင့်ပြီး ထိခိုက်ဒဏ်ရာရသွားခဲ့ကြောင်း တွေ့ရှိရသလို အိမ်သုံးအတွက် (သို့မဟုတ်) သစ်ကုမ္ပဏီအတွက် သစ်ခုတ်ရင်း မိုင်းဒဏ်သင့်ပြီး ဒဏ်ရာရရှိသွားကြသူများလည်း အများအပြား ရှိနေပါသည်။

အခြားပါဝင်ဖြေဆိုသူများကမူ ၎င်းတို့သည် တပ်မတော်၏မဆင်မခြင်ပြုမှုနှင့် ရက်စက်စွာပြုမူမှုကြောင့် ဒဏ်ရာရရှိခဲ့သည်ဟုပြောကြားခဲ့သည်။ အရပ်သားပစ်မှတ်များကို ခွဲခြားသတ်မှတ်ခြင်းမရှိပဲ ပစ်ခတ်ခြင်းများကြောင့် မသန်စွမ်းဖြစ်လာရကြောင်း ပါဝင်သူ ၂ ဦးက ဖြေဆိုထားပါသည်။ အသက် ၄၂ နှစ်ရှိ ရှမ်းပြည်နယ်မှ ရွာသားတစ်ဦးသည် တပ်မတော်သားများက သူတို့နှင့်အတူလိုက်ပါလမ်းပြရန် အတင်းအကြပ်ဖိအားပေးခေါ်ဆောင်ခံရသောကြောင့် လမ်းတွင် သူ၏မော်တော်ဆိုင်ကယ်မှာ မြေမြှုပ်မိုင်း နင်းမိပြီး သူကိုယ်တိုင်မသန်စွမ်းဖြစ်သွားခဲ့ရသည်။

**ကိုလှအောင် (အသက် ၃၇ နှစ်)**

*ဒီဇင်ဘာလ၏နံနက်ခင်းတစ်ခုတွင် ဦးလှအောင်သည် သူ၏တောင်ယာသို့အလုပ်သွားချိန် အနီးအနားရှိ ကျေးရွာတစ်ရွာတွင် တပ်မတော်က တပ်ဖြန့်ချထားပြီး တအောင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်ကို ရှာဖွေနေကြောင်း သတင်းကြားသိရသည်။ စစ်သားများကိုရှောင်ရှားရင်း သူသည် ပုံမှန်တောင်လမ်းအတိုင်း မသွားတော့ပဲ အခြားလမ်းတစ်ခုမှ သွားခဲ့သည်။ စစ်သားများနှင့် ထိပ်တိုက်တွေ့ဆုံရန် သူသည် ကြောက်ရွံ့သော်လည်း သူ၏ရွာပတ်ဝန်းကျင်တွင် မိုင်းမတော်တဆပေါက်ကွဲမှု တရံတခါမျှ မကြားဖူးထားသောကြောင့် မြေမြှုပ်မိုင်းကို စိတ်ပူပန်ကြောက်ရွံ့ခြင်းမရှိချေ။*

*သူ၏တောင်ယာသို့ရောက်သောအခါ အနားယူသည်။ တခဏအကြာတွင် တောင်ကျချောင်းအနီး ထောင်ထားသော မြေမြှုပ်မိုင်းကို ရုတ်တရက်နင်းမိသွားသည်။ မြေပြင်ပေါ်တွင် လဲချလိုက်ပြီး သူ၏ခန္ဓာကိုယ်နှင့် လက်တို့တွင် ပြင်းထန်စွာ ဒဏ်ရာများ ရသွားသည်ကို သတိပြုမိလိုက်သည်။ သွေးလွန်ပြီးသေဆုံးသွားမည်ကိုကြောက်ရွံ့သောကြောင့် သူသည် အနီးအနားရှိအိမ်အချို့ဆီ လှမ်းအော်ခေါ်လိုက်သည်။ ဒေသခံရွာသားများ အပြေးအလွှား ရောက်ရှိလာပြီး အခြားရွာရှိ သားဖွားဆရာမ၏ ရှေးဦးပြုစုမှု ရရှိရန် စီစဉ်ဆောင်ရွက်ကြသည်။ သို့သော် ဆေးရုံမြန်မြန်ပို့ရန် လိုအပ်ကြောင်းလည်း သူတို့ သိကြသည်။*

*ကိုလှအောင်၏အကိုနှင့် ရွာမှဘုန်းတော်ကြီးတစ်ပါးတို့က ကုန်တင်ကားငယ်တစ်စီး၏ စိုက်ပျိုးရေး ထွက်ကုန်အိတ်များအတွင်း သူ့ကို ဝှက်ပြီး ဆေးရုံသို့ ခေါ်ဆောင်သွားသည်။ ထိုသို့ဝှက်ရခြင်း အကြောင်းရင်းမှာ မြေမြှုပ်မိုင်းနင်းမိသော ကိုလှအောင်ကို တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်၏ အဖွဲ့ဝင်အဖြစ် တပ်မတော်ဘက်မှယူဆမည်စိုးသောကြောင့်ဖြစ်သည်။ တပ်မတော်၏စစ်ဆေးရေးဂိတ်ကို ဖြတ်သည့်အခါ ဘုန်းတော်ကြီး၏ဖုံးဖိပြောဆိုပေးမှုကြောင့် သူတို့ဖြတ်သန်းခွင့် ရရှိသွားခဲ့ကြသည်။*

ဒေသခံများသည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအတွက် ရိက္ခာထောက်ပံ့သူများ ဖြစ်နိုင်သည်၏ဟုယူဆပြီး ၎င်းတို့ကို နေရပ်မှစွန့်ခွာသွားစေရန်နှင့် စစ်ဘေးရှောင်ဒုက္ခသည်စခန်းများတွင် သွားရောက်ခိုလှုံနေစေရန်ရည်ရွယ်ပြီး တပ်မတော်သည် မြေမြှုပ်မိုင်းထောင်ခြင်းနည်းလမ်းကို အသုံးပြုသည်။ ၎င်းသည် ရန်သူတပ်ဖွဲ့များအား အစားအစာ၊ ရန်ပုံငွေ၊ တပ်သားသစ်နှင့်ထောက်လှမ်းရေးများကို လက်လှမ်းမမီစေရန် ရည်ရွယ်သည့် ဖြတ်လေးဖြတ် သောင်းကျန်းသူနှိမ်နင်းရေးမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုသူအချို့၏ထိခိုက်ဒဏ်ရာရရှိခဲ့မှုများ၊ ၎င်းတို့၏အိုးအိမ်နှင့်ရွာမြေ ပျက်စီးသွားမှုသက်သေများက အဆိုပါလုပ်ဆောင်ချက်ကို ပေါ်လွင် ထင်ဟပ်စေပါသည်။ (ထိခိုက်ဒဏ်ရာရရှိသူများအားလုံးသည် အရပ်သားများဖြစ်ကြပြီး ၎င်းတို့၏ ၁၉ ရာခိုင်နှုန်းသည် ကျေးရွာအတွင်း (သို့မဟုတ်) နေအိမ်တွင်နေထိုင်ရင်း ဒဏ်ရာရသွားသူများဖြစ်သည်)

**ဒေါ်အေးအောင် (အသက် ၅၂ နှစ်)**

*၂၀၁၈ ခုနှစ်၊ မေလတွင် ဒေါ်အေးအောင်သည် သူမ၏ခင်ပွန်း၊ သမီးနှစ်ယောက်၊ တူမနှင့်အတူ လက်ဖက်စိုက်ခင်းထဲသို့ ရောက်ရှိလာသည်။ သူမ၏ခင်ပွန်းသည် သူတို့ကိုလိုက်ပို့ပြီး ရွာသို့ ပြန်သွားခဲ့သည်။ မကြာမီ စိုက်ခင်းထဲရှိ တဲအိမ်ထဲသို့အဝင် သူမ၏သမီးကြီးသည် ရှေ့တည့်တည့်မှ ကြီးမားသောပေါက်ကွဲသံတစ်ခုကို ကြားလိုက်ရပြီး ရုတ်တရက် သတိမေ့သွားသည်။ သူမ၏ ခြေ၊ လက်၊ ကိုယ်လုံးနှင့် မျက်လုံးတို့မှလည်း သွေးများထွက်လာပြီး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ သမီးငယ်နှင့်တူမတို့မှာလည်း ထိခိုက်ဒဏ်ရာများရရှိပြီး ၎င်းတို့အားလုံးကို အနီးဆုံးဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဆက်လက်ပြီး လားရှိုးမြို့ပေါ်ရှိဆေးရုံတွင် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။*


*တစ်နေ့ သူတို့၏လက်ဖက်စိုက်ခင်းသို့ ပြန်ရောက်လာချိန်တွင်တော့ သူမ၏ခြေထောက်ဆုံးရှုံးခဲ့ရမှုအတွက် ဤသို့ စိတ်ပျက်ညည်းညူနေခဲ့သည်။*

*"ကျမဒဏ်ရာမရခင်တုန်းက ကျမတို့ရဲ့လက်ဖက်စိုက်ခင်းဟာ ဒီဒေသမှာ အအောင်မြင်ဆုံးနဲ့ မိသားစုအတွက် လုံလောက်တဲ့ဝင်ငွေ အရှာဖွေပေးနိုင်ဆုံးဖြစ်ခဲ့တယ်။ အခု ဒဏ်ရာရသွားပြီးနောက်ပိုင်း လက်ဖက်ရွက်အိတ်တွေကို ကျမ မသယ်နိုင်တော့ဘူး။ တောင်တက်တောင်ဆင်း သွားလာဖို့လဲ ခက်ခဲမေပန်းနေပါပြီ။ ဒါကြောင့် ကျမတတ်နိုင်တဲ့ဘက်ကနေ ကျမရဲ့ သမီးတွေနဲ့ မြေးတွေကို ကြည့်ရင်း အိမ်အလုပ်တွေပဲ ကူလုပ်ရတော့မှာပေါ့။"*

တပ်မတော်သည် မြေမြှုပ်မိုင်းများ၏သက်တမ်းနှင့် ကြာရှည်ခံမှုကို အသားပေးလုပ်ဆောင်သည်။ ယခင် မြေမြှုပ်မိုင်းများသည် များသောအားဖြင့် သတ္တုများဖြင့် ပြုလုပ်ထားသောကြောင့် နှစ်အတန် ကြာလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏စိုစွတ်သောမြေပြင်တွင် သံချေးတက်ပြီး အသုံးပြုမရ ဖြစ်သွားကြသည်။ ယခုနောက်ပိုင်း ပလပ်စတစ်ဖြင့် ပြုလုပ်လာသော ခေတ်သစ်မိုင်းများသည် မြေကြီးထဲတွင် နှစ်ပေါင်းများစွာ/ ဆယ်စုနှစ်များစွာတိုင်အောင် တည်ရှိနေနိုင်ကြသည်။ အခြားတဘက်တွင် တိုင်းရင်းသား လက်နက်ကိုင်များသည် စနက်တံဖြင့် ဘက်ထရီအသုံးပြုသော မြေမြှုပ်မိုင်းများကို ပိုမိုအသုံးပြုကြသည်။ အကယ်၍ ဘက်ထရီကို မလဲလှယ်ပါက အဆိုပါမိုင်းများသည် သက်တမ်း ၃ လမှ ၆ လအထိသာ သက်တမ်းကြာရှည်ခံသည်။

မြေမြှုပ်မိုင်းများ ပြန့်ကျဲစွာ တည်ရှိနေခြင်းအန္တရာယ်သည် မြန်မာနိုင်ငံအတွက် လက်ရှိစိန်ခေါ်မှုတစ်ရပ် ဖြစ်နေပြီး နမူနာလေ့လာချက်တစ်ခုက ဖော်ပြသည်မှာ အဆိုပါအန္တရာယ်သည် ပဋိပက္ခများ အသက်ဝင်ဖြစ်ပွားနေခြင်းနှင့် မြေမြှုပ်မိုင်းအသစ်များ ဆက်လက်အသုံးပြုနေခြင်းတို့နှင့် ဆက်စပ်နေသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် ဆယ်စုနှစ်တစ်ခုမတိုင်မီ၊ ကချင်ပြည်နယ်တွင် ၁၁ နှစ်ကြာနှင့် ရှမ်းပြည်နယ်တွင် ၂ နှစ်ကြာ မြေမြှုပ်မိုင်းအန္တရာယ်ကို ကြုံတွေ့နေခဲ့ရပြီး ထိုဒေသရှိ မသန်စွမ်းသူအများစုသည် မိုင်းကြောင့် ထိခိုက်ဒဏ်ရာ ရရှိလာသူများဖြစ်ကြသည်။

*ပုံ (၂) - ပြည်နယ်များ၏ မြေမြှုပ်မိုင်းအန္တရာယ် သက်တမ်းကာလ (နှစ်)*





### မြေမြှုပ်မိုင်းများကြောင့် ဖြစ်ပေါ်လာသော ဘဝများနှင့် ပြန်လည်ရပ်တည်နိုင်ရန် ဆောင်ရွက်ခြင်း

မြေမြှုပ်မိုင်းကြောင့်ဖြစ်ပေါ်လာသော မသန်စွမ်းဖြစ်မှုတစ်ခုခုသည် လူတစ်ယောက်၏ဘဝကို အကြီးအကျယ် ဒုက္ခရောက်စေသည့်ကိစ္စရပ်တစ်ခုဖြစ်ပြီး ၎င်း၏ကိုယ့်ကိုယ်ကို တန်ဖိုးထားမှု၊ လူမှုရေးအနေအထား၊ စီးပွားရေးလုံခြုံမှုနှင့် ဆက်နွှယ်မိသားစုအပေါ် သက်ရောက်မှုဖြစ်စေသည်။ မသန်စွမ်းသူအချို့သည် မိမိကိုယ်မိမိတန်ဖိုးထားမှုနှင့် ဘဝပြိုကွဲပျက်စီးမှုများကို အခြားသူများထက် ပိုမိုခံစားကြရသည်။ မြေမြှုပ်မိုင်းနှင့်ဆက်နွှယ်သည့်ထိခိုက်ပျက်စီးမှုများမှ လူတစ်ယောက် ပြန်လည်နလန်ထူလာနိုင်ရန် အရေးအကြီးဆုံးအချက်မှာ ပြန်လည်ထူထောင်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ လက်လှမ်းမီရရှိခြင်း ရှိ/မရှိ အပေါ်တွင် မူတည်သည်။ (အဆိုပါအထောက်အပံ့သည် တပ်မတော်၊ အလုပ်ရှင်၊ သူငယ်ချင်း သို့မဟုတ် မိသားစုထံမှ ဖြစ်နိုင်သည်) အရပ်ဘက်အဖွဲ့အစည်းများက ထောက်ပံ့သောဝန်ဆောင်မှုများသည် ပြည်သူလူထု၏ ဆေးရုံ/ဆေးခန်းများသို့ လက်လှမ်းမီနိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်နလန်ထူလာနိုင်မှုအတွက် အဓိကကျသော်လည်း ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုသူအချို့က ၎င်းတို့သည် ဘဝ ရေရှည်ပြန်လည်ရပ်တည်နိုင်ရန်အတွက် အဆိုပါဝန်ဆောင်မှု အနည်းငယ်ကိုသာ ရရှိဖူးကြောင်း ပြောပြသည်။ စီမံကိန်းတစ်ခု၏တွေ့ရှိချက်အရ မသန်စွမ်းသူများ၏လိုအပ်ချက်သည် အခြားဒေသရှိ မသန်စွမ်းသူများ၏လိုအပ်ချက်ထက် ၎င်းတို့အိမ်နီးချင်းများ၏လိုအပ်ချက်နှင့် ပိုမိုဆင်တူသည်ကို တွေ့ရသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ မသန်စွမ်းသူများသည် မရေရာမသေချာ အသက်မွေးဝမ်းကျောင်းပြုနေရပြီး အများစုမှာ ၎င်းတို့နေထိုင်ရာ ဒုက္ခသည်စခန်းသို့ လှူဒါန်းသည့် အနည်းငယ်မျှသော အထောက်အပံ့များပေါ်တွင်သာ မှီခိုနေကြရသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ မသန်စွမ်းသူများမှာမူ ငွေရေးကြေးရေးအပိုင်းတွင် ပိုမိုလုံခြုံစိတ်ချမှု အနေအထားတွင်ရှိပြီး အသေးစား ကိုယ်ပိုင်လုပ်ငန်းငယ်များကိုပင် လုပ်ကိုင်နေနိုင်ကြပြီဖြစ်သည်။ ယေဘုယျအားဖြင့် မိုင်းဒဏ်သင့် ပြည်သူများသည် ထိခိုက်ဒဏ်ရာအတွက် ဆေးဝါးကုသရခြင်းနှင့် ရေတိုပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်များကြောင့် ငွေရေးကြေးရေးဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ခံစားနေရသည်။

ထိခိုက်ဒဏ်ရာရသူအများစုအတွက် ကုသမှုကုန်ကျစရိတ်ကို တပ်မတော် (သို့မဟုတ်) တိုင်းရင်းသား လက်နက်ကိုင်များဘက်မှ ထောက်ပံ့ပေးသည်။ ထိုသို့ထောက်ပံ့ရာတွင် စစ်ပြန်များအတွက်သာမက လက်နက်ကိုင်ပဋိပက္ခအတွင်း ထိခိုက်ဒဏ်ရာရရှိသူ အရပ်သားများအတွက်ပါ ပါဝင်သည်) အချို့သည် ပြည်သူ့ဆေးရုံများတွင် ကုသမှုခံယူခဲ့ပြီး ကုန်ကျစရိတ်ကို အစိုးရမဟုတ်သောအဖွဲ့အစည်းများထံမှ ရရှိခဲ့ကြသည်။ ပုံ (၃) သည် ဆေးဝါးကုသမှုအတွက် ကုန်ကျစရိတ်ကို မည်သူတို့ထံမှ ရရှိခဲ့သည်ကို တွေ့ဆုံမေးမြန်းခံရသူများက ဖြေဆိုထားသော အချက်အလက်များဖြစ်သည်။

*ပုံ (၃) ကုန်ကျစရိတ် ထောက်ပံ့ပေးသူများ (ဒေါင်လိုက်သည် မသန်စွမ်းသူ အရေအတွက်ကို ပြသည်)*




ဘဝပြန်လည်ရပ်တည်နိုင်ရေးကို အဓိက အထောက်အကူပေးသောအချက်မှာ ခြေတုလက်တုများ ရရှိခြင်း ဖြစ်သည်။ ခြေတု/လက်တု တပ်ဆင်အသုံးပြုနိုင်ခြင်းအားဖြင့် မသန်စွမ်းသူများသည် အလုပ်များကို လုပ်ကိုင်လာနိုင်ပြီး မိသားစုဝင်များအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်သည်။ အသက် ၄၈ နှစ်ရှိ တပ်မတော်စစ်ပြန်တစ်ဦး၏ပြောပြချက်အရ -

“ကျနော် ခြေတုမတပ်ခင်တုန်းကဆိုရင် အိမ်သာတက်တဲ့နေရာမှာကအစ ကျနော့ အမျိုးသမီးရဲ့ အကူအညီကို အများကြီး အားပြုခဲ့ရတယ်။ အခု ခြေတုတပ်ပြီးနောက်ပိုင်းမှာတော့ ကျနော်ကိုယ်တိုင် အများကြီး လုပ်နိုင်လာပြီ” ဟုသိရသည်။

မြန်မာနိုင်ငံ၏ကျေးလက်ဒေသရှိ နေအိမ်အများစုတွင် ဘိုထိုင်အိမ်သာ (ထိုင်ခုံတပ်ဆင်ထားသောအိမ်သာ) မရှိကြပါ။ သန့်စင်ခန်းအသုံးပြုရာတွင် တပါးသူအပေါ်မှီခိုရမှုလျှော့ချပြီး ကိုယ်တိုင်လုပ်ဆောင်နိုင်ရန် ခြေတု/လက်တုများ ရရှိရေးသည် အလွန်ပင်အရေးကြီးကြောင်း ဖြေဆိုသူ ၅ ဦးက ပြောပြကြသည်။ ခြေတု/လက်တု ရရှိရန် လအတန်ကြာ (တခါတရံ နှစ်အတန်ကြာ) စောင့်ဆိုင်းရသော်လည်း ဖြေဆိုသူများ၏ ၇၁ ရာခိုင်နှုန်းမှာ ခြေတု/လက်တုများ ရရှိထားကြပြီး အခြား ၁၈ ရာခိုင်နှုန်းက ခြေတု/လက်တု

မလိုအပ်ကြောင်း သိရှိရသည်။ ကျန် ၁၂ ရာခိုင်နှုန်းက ခြေတု/လက်တု လိုအပ်နေသော်လည်း ယခုအချိန်ထိ မရရှိသေးကြောင်း တွေ့ရှိရသည်။ လက်တုနှင့် နားကြားကိရိယာကဲ့သို့သော အခြားအားပြုကိရိယာ လိုအပ်သူများထက် ခြေတုလိုအပ်သူများက ၎င်းတို့လိုအပ်သော ခြေတုကို ပိုမိုမြန်ဆန်လွယ်ကူစွာ လက်လှမ်းမီရရှိကြသည်။ ကချင်ဖွံ့ဖြိုးရေးအဖွဲ့မှ အစီအစဉ်ညှိနှိုင်းရေးမှူး တူးလီက ၎င်းတို့အဖွဲ့သည် ခြေတု/လက်တု၊ ဝှီးချဲလ်၊ ဂျိုင်းထောက် စသည့် လှုပ်ရှားသွားလာမှုအတွက် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးနေသော်လည်း အကြားအာရုံချက်ခဲသူများအတွက် နားကြားကိရိယာနှင့် အမြင်အာရုံ ချက်ခဲသူများအတွက် လိုအပ်သောကိရိယာများကိုမူ ထောက်ပံ့ပေးနိုင်ခြင်းမရှိသေးကြောင်း မှတ်ချက်ပြုပြောပြသည်။ ဤစစ်တမ်းတွင် တွေ့ဆုံမေးမြန်းခဲ့သည့် ခြေတု/လက်တုအသုံးပြုသူအများစုသည် ၎င်းတို့၏ခြေတု/လက်တုကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီထံမှ ရရှိခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အသုံးပြုနေသော ခြေတု/လက်တုများသည် နိုင်ငံတကာကဲ့သို့ ခေတ်မီပြီး ပေါ့ပါးသော ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်းမဟုတ်ပဲ သစ်သားနှင့်စတီး (သို့မဟုတ်) မိုလောင်းထားသည့် ပလပ်စတစ်ဖြင့်သာ ပြုလုပ်ထားသောကြောင့် ဈေးနှုန်းအားဖြင့် သက်သာကြသည်။ ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုသူ အသက် ၄၇ နှစ်ရှိ အမျိုးသားတစ်ဦးသည် အပေါ့စားပလပ်စတစ်ဖြင့် ပြုလုပ်ထားသော ဗီယက်နမ်နိုင်ငံထုတ် အကောင်းစားခြေတုကို ရရှိအသုံးပြုဖူးကြောင်း တွေ့ရသည်။ ဒူးအထက် နှစ်ဘက်ပြတ်သူများသည် လေးလံပြီး သက်တောင့်သက်သာမဖြစ်သော ခြေတုများကိုသာ လက်လှမ်းမီကြသည်။ သို့သော် လွှက်ရည်ဆိုင်တွင် ဖုံးပေါက်ကွဲပြီးနောက် ဒူးအထက်ပြတ်သွားသူ အမျိုးသမီးတစ်ဦးသည် ဂျိုင်းထောက်ထက်စာလျှင် ခြေတုကို အသုံးပြုချင်သော်လည်း လက်လှမ်းမီရရှိခြင်းမရှိခဲ့ပါ။

## ခွဲခြားဆက်ဆံခံရမှုအတွေ့အကြုံများ

မသန်စွမ်းဖြစ်မှုကြောင့် မသန်စွမ်းသူအားလုံးသည် ခွဲခြားဆက်ဆံမခံရသော်လည်း မသန်စွမ်းမှုသည် ၎င်းတို့၏ဘဝအပေါ် ရိုက်ခတ်သက်ရောက်ကြောင်းကိုတော့ မသန်စွမ်းသူအားလုံးက လက်ခံ သဘောတူထားပြီး ဤအချက်ကို ခွဲခြားဆက်ဆံခံရမှုအဖြစ်တော့ မရှုမြင်ထားကြပေ။ မသန်စွမ်းသူများသည် မိသားစုနှင့် ရပ်ရွာလူထုအတွင်း ခွဲခြားဆက်ဆံခံရခြင်းမရှိပဲ မိသားစုနှင့်ရပ်ရွာက ၎င်းတို့ကို အကူအညီပေးကြကြောင်း သိရသည်။ များသောအားဖြင့် ၎င်းတို့သည် အလုပ်ရှင်များ၊ လုပ်ဖော်ဆောင်ဖက်များနှင့် ဒုက္ခသည်စခန်းရှိလူများ၏ ခွဲခြားဆက်ဆံမှုကိုသာ ခံရကြောင်း ပြန်ပြောင်းပြောပြသည်။ စစ်ပြန်စစ်မှုထမ်းဟောင်းဖြစ်ခြင်းကြောင့် ခွဲခြားခံရမှုများလည်း ရှိသည်။

မည်သို့ပင်ဖြစ်စေ မသန်စွမ်းမှုဖြင့် ရှင်သန်နေထိုင်ခြင်းသည် လူအများ၏လေးစားခံရမှုအပေါ် ထိခိုက်စေသည့်အချက်ကို ရှင်းရှင်းလင်းလင်း တွေ့ရှိရသည်။ ဖြေဆိုသူအများအပြားက ၎င်းတို့၏လူမှုရေးအခန်းကဏ္ဍပျောက်ဆုံးမှုနှင့်အတူ ဆက်နွှယ်သော ပေါင်းသင်းဆက်ဆံရေးအထီးကျန်မှု အကြီးအကျယ် ခံစားရကြောင်း ပြောပြကြသည်။ အသက် ၃၉ နှစ်ရှိ ခြေလက်အင်္ဂါများဆုံးရှုံးသွားသော ကချင်ပြည်နယ်မှ အမျိုးသားတစ်ဦးက -

“ကျနော် မိသားစုနဲ့ အတူမနေပါဘူး။ တစ်ယောက်တည်းနေရတဲ့အတွက် အထီးကျန်ပြီး အရမ်းစိတ်ဓာတ်ကျရပါတယ်။ နေတော့လည်း တစ်ယောက်တည်း၊ စားတော့လဲ တစ်ယောက်တည်းပေါ့။ ကျနော် အိမ်ထောင်ပြုချင်ပေမဲ့ မသန်စွမ်းမှုကြောင့် ကိုယ့်ကို ဘယ်သူကမှ စိတ်မဝင်စားကြဘူးလေ။ အလုပ်အကိုင်လဲ မရှိ၊ ဝင်ငွေလဲ မရှိတော့ ဘဝက အတော်ခက်ခဲပါတယ်” ဟုဆိုသည်။

ဤကဲ့သို့သော လူမှုရေးအထီးကျန်မှုမျိုးသည် အထူးသဖြင့် အမျိုးသားများအပေါ်တွင် ရိုက်ခတ်ပါသည်။

ဆိုးဝါးသော ခွဲခြားဆက်ဆံခံရမှုပုံစံများသည် မသန်စွမ်းသူများကို မျှော်လင့်ချက်မဲ့စေပြီး သူတို့၏ရပ်ရွာလူထုကို တဘက်တလမ်းမှ အကျိုးပြုနိုင်ရေးအတွက် အားလျော့ကျစေသည်။ ကချင်ဖွံ့ဖြိုးရေးအဖွဲ့မှ အစီအစဉ်ညှိနှိုင်းရေးမှူး တူးလီက -

"မသန်စွမ်းသူများ ရပ်ရွာလူထုအတွင်း ပါဝင်နိုင်ဖို့ အဓိက အခက်အခဲ ၂ ခုရှိတယ်။ ပထမတစ်ခုက သူတို့ကိုယ်တိုင် လူမှုရေးအထီးကျန်မှုဖြစ်နေကြပြီး ဒုတိယအချက်က လူတွေက သူတို့အရည်အချင်းကို မမြင်ကြခြင်း ဖြစ်တယ်၊ ဒါကြောင့်လည်း သူတို့ကို အလုပ်မခန့်ကြဘူး။ နောက်ဆုံးတော့ မသန်စွမ်းသူတွေဟာ စိတ်ဓါတ်ကျဆင်းလာကြတယ်" ဟုဆိုသည်။

မသန်စွမ်းသူများကို လှောင်ပြောင်ကဲ့ရဲ့ခြင်းနဲ့ ရှုံ့ရှာခြင်းကဲ့သို့သော ခွဲခြားဆက်ဆံမှုပုံစံများလည်း ရှိနေကြသည်။ မသန်စွမ်းသူများကိုယ့်အားကိုယ်ကိုးအဖွဲ့၏အစီအစဉ်ဖြင့် ဒုက္ခသည်စခန်းအတွင်း အိမ်တိုင်ယာရောက် အစားအစာ လိုက်လံပို့ဆောင်ရောင်းချသည့် အသေးစားစီးပွားရေးလုပ်ငန်းငယ်တစ်ခုကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုနေသော အသက် ၄၂ နှစ်ရှိ ကေအိုင်အိုအဖွဲ့မှ စစ်ပြန်အမျိုးသားတစ်ဦးက သူ၏လုပ်ငန်း မအောင်မမြင်ဖြစ်ရခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ညည်းတွားဖွင့်ဟပါသည်။

"လူတွေက ကျနော်တို့ဆီက အစားအစာကို မဝယ်ချင်ဘူး။ မသန်စွမ်းသူတွေရဲ့ ဇနီးသည်တွေ ချက်ထားတဲ့ အစားအစာတွေက ရွံစရာကောင်းတယ်ဆိုပြီး မဝယ်ကြတာ"

မသန်စွမ်းဖြစ်လာသော တပ်မတော်သားများသည်လည်း ဆိုးဝါးသော ခွဲခြားဆက်ဆံခံရမှုများကို ကြုံတွေ့နေရသည်။ အသက် ၄၈ နှစ်ရှိ မွန်ပြည်နယ်မှ မသန်စွမ်းစစ်ပြန်တပ်မတော်သားတစ်ယောက်က -

"အရင်တုန်းကဆိုရင် ကျနော်လုပ်ချင်တာ အကုန်လုပ်နိုင်ခဲ့တယ်။ ကိုယ့်အောက်က တပ်သားတွေကအစ ကိုယ့်အမိန့်ကို နာခံကြတယ်။ အခု မသန်စွမ်းဖြစ်သွားတော့ တခြားတပ်မတော်သားတွေလို မလုပ်နိုင်တော့ဘူး၊ ကိုယ်ပြောတာကိုလည်း ဘယ်သူမှ နားမထောင်ကြတော့ဘူး"

**ဖော်ထွန်းဦး၊ မွန်ပြည်နယ် (အသက် ၄၂ နှစ်)**

*ကိုဖော်ထွန်းဦး၏ဖခင်သည် တပ်မတော်သားဟောင်းတစ်ဦးဖြစ်သည်။ ဖခင်၏ခြေရာကို ဆက်ခံရန် သူသည် အသက် ၁၈ နှစ်အရောက်တွင် တပ်ထဲသို့ဝင်ရောက်ခဲ့သည်။ မွန်ပြည်နယ်တိုင်ပွဲတစ်ခုတွင် မြေမြှုပ်မိုင်းမနင်းမိမီအချိန်အထိ ၃ နှစ်ကြာ စစ်မှုထမ်းခဲ့သည်။ တိုက်ပွဲတွင် သူ့တပ်စု၏ တပ်သားထက်ဝက်ခန့်မှာ မိုင်းကြောင့် မသန်စွမ်းဖြစ်သွားရသည်။ သူသည် တိုက်ပွဲအတွင်း ရက်ပေါင်းများစွာ ပိတ်မိနေပြီး ဆေးဝါးကုသမှု အစုံအလင်မရရှိပဲ နောက်ဆုံးတွင် ခြေထောက်ဖြတ်လိုက်ရသည်။ "ရဲဘော်တွေ တစ်ယောက်နဲ့တစ်ယောက် ပြန်ကူညီဖို့ကလည်း မလွယ်ဘူး၊ ဒါပေမဲ့ အရေးကြုံနေတဲ့အချိန်မှာ ကျနော်အကောင်းဆုံးလုပ်နိုင်ခဲ့ပါတယ်" ဟု သူက ပြန်ပြောပြသည်။*
*လပေါင်းများစွာ ကြာပြီးနောက် သူသည် ပြန်လည်သက်သာလာပြီး တပ်တွင် ပြန်လည်အမှုထမ်းခဲ့သည်။ သို့သော် အခြားရဲဘော်များက သူ့ကို ခွဲခြားဆက်ဆံလာကြောင်း သတိပြုမိလာသည်။ "သူတို့က ကျနော့ကို အသုံးမဝင်ဘူးလို့ပြောတော့ ကျနော် စိတ်ဓါတ်ကျလာတယ်။ တပ်ထဲမှာ မသန်စွမ်းတွေအတွက် ဘာအခွင့်အလမ်းမှ မရှိဘူးလေ"*
*သူသည် ပင်စင်မယူမီအထိ ၇ နှစ်ကြာ ဆက်လက်အမှုထမ်းခဲ့သည်။ အနားယူပြီးနောက်ပိုင်းတွင်လည်း တပ်မတော်အတွက် သတင်းပေးတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။ သို့သော် ခွဲခြားဆက်ဆံမှုများ ဆက်လက်ခံစားရကြောင်း သူက ဤသို့ ပြောပြသည်။ "ကျနော်ပေးတဲ့ သတင်းတွေက သူတို့အတွက် အသုံးဝင်တယ်၊ ဒါပေမဲ့ သူတို့က ကျနော့ရဲ့ တာဝန်ကျေပွန်စွာ လုပ်ဆောင်မှုအပေါ်မှာ အသိအမှတ်မပြုကြဘူး"*

**မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများ၏ စီးပွားရေးအကျိုးသက်ရောက်မှုများ**

မြေမြှုပ်မိုင်းဒဏ်သင့်ခံရသော ကျေးလက်ဒေသများရှိ အလုပ်အကိုင်များသည် များသောအားဖြင့် ကာယအားကို အားပြုလုပ်ကိုင်ရသော အလုပ်များဖြစ်ကြသည်။ မိုင်းကြောင့်ဖြစ်လာသော မသန်စွမ်းသူများ၏ ကိုယ်အင်္ဂါထိခိုက်ဒဏ်ရာရရှိမှုများသည် ၎င်းတို့၏စီးပွားရေးအပေါ် များစွာ ရိုက်ခတ်ကြောင်း ဤစစ်တမ်းတွင် ပါဝင်ဖြေဆိုသူများ၏ပြောပြချက်အရ သိရှိရသည်။ အသက် ၄၆ နှစ်ရှိ ကိုဘောက်ဒီက မသန်စွမ်းဖြစ်လာပြီးနောက် သူ၏လုပ်ငန်းကိုင်ငန်းနှင့် လူမှုရေးကဏ္ဍ ၃ ပုံ ၂ ပုံလောက် ဆုံးရှုံးသွားခဲ့ရပုံကို ဤသို့ ပြောပြသည်။ "သူငယ်ချင်းတွေက ကျနော့ရဲ့ လုပ်ဆောင်နိုင်စွမ်းအပေါ် အယုံအကြည် မရှိတော့ဘူး၊ စီမံကိန်းတွေလုပ်တဲ့အခါ ကျနော့ကို မခေါ်တော့ဘူး။ သာမန်လူတွေအတွက် အလုပ်ရဖို့ တစ်ရက်လောက်ပဲ ကြာပေမဲ့ ကျနော့လို မသန်စွမ်းသူတွေအတွက်ကတော့ သုံးလေးရက်လောက် ကြာတယ်"

တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်သူ ၃၄ ဦးအနက် ၁၂ ဦးဖြစ်သော ၃၂ ရာခိုင်နှုန်းမှာ မသန်စွမ်းဖြစ်သွားပြီးနောက် အလုပ်မရတော့ကြောင်း တွေ့ရှိရသည်။ များသောအားဖြင့် အမျိုးသားများသည် အလုပ်မရှိတော့ပဲ အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုသာ လုပ်ကြရတော့သည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသားများသည် အိမ်မှုကိစ္စများတွင် ပါဝင်လုပ်ဆောင်ရန် လူမှုရေးအကျွမ်းဝင်မှုမရှိခြင်းနှင့် မိသားစုအတွက် တဘက်တလမ်းမှ ပါဝင်ကူညီလုပ်ဆောင်ပေးမှုမရှိကြသောကြောင့်ဖြစ်သည်။

စစ်ဘေးရှောင်စခန်းများတွင် ခိုလှုံနေထိုင်သူများအတွက် တရုတ်နိုင်ငံ (သို့မဟုတ်) ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နိုင်စွမ်းရှိ/မရှိ အချက်က ၎င်းတို့၏ဝင်ငွေရလမ်းကြောင်းအတွက် အရေးကြီး အရင်းအမြစ်တစ်ခုဖြစ်ပေသည်။ ထိုအချက်သည် လူပ်ရှားသွားလာရန်ခက်ခဲသော မသန်စွမ်းသူများ၏ သွားရောက်အလုပ်လုပ်နိုင်စွမ်းကို ကန့်သတ်ထားသကဲ့သို့ ဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေကြားသူအများစုက မိုင်းကြောင့် မသန်စွမ်းဖြစ်လာပြီး ဝင်ငွေဆုံးရှုံးသွားသောကြောင့် ယခင်က အလုပ်မလုပ်ဖူးသော မိသားစုဝင်များလည်း အလုပ်အကိုင် ပိုမိုလိုအပ်လာကြောင်း၊ သားသမီးများ အထူးသဖြင့် ၎င်းတို့၏ပညာရေးအတွက် အလုပ်ရရန်လိုအပ်ကြောင်း ဖွင့်ဟလာသည်။ အသက်ကြီးလာသည့်အခါ စိတ်အေးရဖို့နှင့် အနာဂတ်မျှော်လင့်ချက်အတွက် သားသမီးများ၏ပညာရေးက ပိုအရေးကြီးကြောင်း ပြောပြကြသည်။

မသန်စွမ်းအမျိုးသားများ၏ဇနီးသည်များသည် တနယ်တကျေးတွင် သွားရောက်အလုပ်ရှာရန် ဖိအားပေးခံကြရရာ ဤအချက်သည် မိသားစုအပေါ် များစွာ သက်ရောက်မှုဖြစ်စေသည်။ ၎င်းသည် အမျိုးသားများအနေဖြင့် မိသားစုအပေါ် တာဝန်ကျေပွန်မှုမျှော်လင့်ချက်ကို ကင်းမဲ့လာစေပြီး ကာလရှည်ကြာ ပေါင်းဖက်လာခဲ့သော အိမ်ထောင်သက်ကိုလည်း ထိခိုက်လာစေနိုင်ပါသည်။ အသက် ၄၇ နှစ်ရှိ ကရင်ပြည်နယ်မှ အမျိုးသားတစ်ဦးသည် ခြေထောက်ပြတ်ပြီး အလုပ်မလုပ်နိုင်တော့သည့်အခါ ၎င်း၏ဇနီးသည် မိသားစုအတွက် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ရပြီး နောက်ဆုံးတွင် အိမ်ထောင်ရေးလည်း ပြိုကွဲသွားခဲ့သည်။

မိုင်းထိပြီး ဘဝပျက်ခဲ့ရသော အသက် ၄၂ နှစ်ရှိ ရှမ်းပြည်နယ်မှ အမျိုးသားတစ်ဦးက -

“ဒဏ်ရာရပြီး ကျနော့ဘဝ သေသွားသလိုပဲ။ ကိုယ့်ကိုယ်ကို လူတစ်ယောက်လို မထင်တော့ဘူး။ အရမ်း စိတ်ဓာတ်ကျသွားတယ်။ အလုပ်လဲ မရှိတဲ့အတွက်ကြောင့် အမျိုးသမီးကလည်း ကျနော့ကို ထားသွားခဲ့တယ်။ အခု ကျနော် တစ်ယောက်တည်းနေပြီး အကိုနဲ့ အမတွေအိမ်မှာ သွားတောင်းစားတယ်။ ကျနော့အမျိုးသမီးက တရုတ်နိုင်ငံကို ထွက်သွားတာ” ဟုဆိုသည်။

**ကိုဖားခက် (အသက် ၄၈ နှစ်)**

*တိုးတက်သော ကရင်ဗုဒ္ဓဘာသာအစည်းအရုံး (DKBA)တပ်ဖွဲ့သည် တပ်သားစုဆောင်းရန် ကိုဖားခက်၏ရွာသို့ ရောက်လာသည့်အခါ သူသည် အသက်ရနေပြီဖြစ်သော်လည်း လုပ်အားပေးတာဝန်ထမ်းဆောင်ရန် ဂုဏ်ယူစွာလက်ခံခဲ့သည်။ တပ်ဖွဲ့တွင် တစ်နှစ်ခန့်ကြာပြီးနောက် သူသည် ကရင်ပြည်နယ်၊ ဖာပွန်ဒေသသို့ စေလွှတ်ခံရသည်။ နံနက်ခင်းတစ်ခုတွင် ရေချိုးရန် နေရာတစ်ခုကို ရှာဖွေရင်း စမ်းချောင်းနားအရောက် လျှိုလမ်းအတိုင်း ခုန်ဆင်းလိုက်သည်။ ချက်ချင်းဆိုသလိုပင် ကြီးမားသောတုန်လှုပ်ခြောက်ခြားမှုကို ခံစားလိုက်ရပြီး သူ၏ခြေထောက်သည် ကျောဘက်သို့ ခေါက်သွားသည်။ ခြေထောက်မှတဆင့် မြေကြီးပေါ်သို့ သွေးများ ပြန့်ကျဲသွားသည်ကိုလည်း သတိထားမိလိုက်သည်။*

*ပေါက်ကွဲသံကြားလိုက်ရသဖြင့် အပြင်သို့ထွက်လာသော သူ၏တပ်စုမှ အခြားသူများကို လှမ်းအော်ခေါ်လိုက်သည်။ သို့သော် တောင်တန်းများ၏ပဲ့တင်ထပ်သံကြောင့် သူတို့ ကြားပုံမပေါ်ချေ။ သို့နှင့် ရိုင်ဖယ်ကို လေထဲသို့ ပစ်ဖောက်လိုက်ရာ ကျန်ရဲဘော်များက သူရှိရာနေရာကို သိရှိသွားပြီး သူ့ကို ဆေးရုံသို့ ခေါ်ဆောင်သွားသည်။ ကုသမှုခံယူပြီးနောက် သူသည် တဖြည်းဖြည်း ပြန်လည်သက်သာလာပြီး သူ၏ရွာသို့ ပြန်လာခဲ့သည်။ သူသည် အလုပ်မရှိသောကြောင့် နေ့စဉ်အလုပ်လုပ်ကျွေးနေသော ဇနီးသည်ကိုသာ လုံးလုံးလျားလျား မှီခိုနေထိုင်ရတော့သည်။*

*"တခြားလူတွေလို အလုပ်မလုပ်နိုင်တော့ မိန်းမနဲ့ သားသမီးတွေအပေါ်မှာပဲ မှီခိုနေရတယ်။ ကလေးတွေကို ဆယ်တန်းအထိတောင် ကျောင်းမထားနိုင်ခဲ့ဘူး။ နေ့တစ္စဝ အမျိုးသမီးကိုယ်စား အိမ်မှာ အိမ်အလုပ်တွေပဲ လုပ်နိုင်တော့တယ်"*

တိုင်းရင်းသားလက်နက်ကိုင်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သော မြေမြှုပ်မိုင်းဒဏ်သင့် စစ်ပြန်များသည် ပြန်လည်သက်သာလာသည့်အခါ တပ်ဖွဲ့မှအနားယူရန် အမြဲတမ်းနီးပါး တောင်းဆိုခံကြရသည်။ ဤသို့ လုပ်ဆောင်ခံရမှုသည် ၎င်းတို့၏ဘဝရပ်တည်ရေးကိုရော စိတ်ပိုင်းဆိုင်ရာကိုပါ များစွာ ထိခိုက်စေသည်။ EAO တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးအား "ခင်ဗျား ထိခိုက်ဒဏ်ရာသာ မရခဲ့ဘူးဆိုရင် ဘာလုပ်မလဲ" ဟု မေးကြည့်သည့်အခါ "ကျနော် တပ်ဖွဲ့ထဲမှာပဲ ဆက်ပီး အမှုထမ်းမယ်၊ တပ်သားတစ်ယောက်ပဲ ဖြစ်ချင်တာ" ဟုဖြေသည်။

အခြားတဘက်တွင် တပ်မတော်ဘက်မှ စစ်ပြန်စစ်မှုထမ်းဟောင်းတစ်ဦးကို တွေ့ဆုံမေးမြန်းသည့်အခါ စစ်ပြန်ထက်ဝက်ခန့်ကို ကင်းစောင့်တာဝန်ကဲ့သို့ အရန်အင်အားအဆင့်အဖြစ် ရာထူးတာဝန်ကို လျှော့ချမှုရှိသော်လည်း စစ်ပြန်များသည် တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရှိကြောင်း သိရသည်။ တပ်မတော်မှ အသက် ၄၈ နှစ်ရှိ စစ်ပြန်တပ်ကြပ်ကြီးတစ်ဦးက -

"ကျနော် မသန်စွမ်းဖြစ်လာတဲ့အခါ စခန်းပတ်လည်နဲ့ ဂိတ်တံခါးကို စောင့်ကြည့်ရတဲ့ ကင်းစောင့်တာဝန်ကို ယူရတယ်။ မိုးထဲရေထဲ ရွှံ့ထဲမှာ လမ်းလျှောက်ရင်း စောင့်ကြည့်တဲ့အလုပ်ကို လုပ်ရတယ်။ တပ်ထဲမှာတော့ မသန်စွမ်းသူတွေအတွက် အခွင့်အရေးရယ်လို့ မရှိပါဘူး" ဟုဆိုသည်။

အလားတူတာဝန်ကို ပြောင်းရွှေ့ထမ်းဆောင်နိုင်သော အကြီးတန်းအရာရှိများသည် လူပ်ရှားသွားလာမှုပြုလုပ်နိုင်ပါက တူညီသည့်မူလရာထူးတာဝန်အဆင့်ကို ပြန်လည်ရရှိကြသည်။

တပ်မတော်စစ်ပြန်များကို ပင်စင်နှင့် တန်ဖိုးသက်သာသော ဦးစားပေးအိမ်ယာများ ချပေးခြင်းကဲ့သို့သော ထောက်ပံ့ရေးအစီအစဉ်များကြောင့် ၎င်းတို့သည် မိုင်းဒဏ်သင့်ဘဝများမှ ပြန်လည် ထူထောင်လာနိုင်ကြသည်။ အချို့စစ်ပြန်များသည် မသန်စွမ်းထောက်ပံ့ကြေးခံစားခွင့်နှင့် ၎င်းတို့၏ သားသမီးများအတွက် တပ်မတော်မှ ကျောင်းထားပေးခြင်း စသည့် ထပ်ဆင့် အကူအညီများကို ရရှိကြသည်။ တပ်မတော်စစ်ပြန်များသည် ပင်စင်နှင့် အသေးစားဝင်ငွေရလုပ်ငန်းများ ရှိနေခြင်းကြောင့် မိသားစုဝင်ငွေအပေါ် အားထားနေရသော (သို့မဟုတ်) နေ့စားအလုပ်များ လုပ်ကိုင်ရှင်သန်နေရသော တိုင်းရင်းသားလက်နက်ကိုင် စစ်ပြန်များထက် ၎င်းတို့ဘဝအတွက် ပိုမိုထောက်ပံ့မှုပြုလုပ်နိုင်ကြသည်။

အရပ်သားမသန်စွမ်းသူများအတွက် စီးပွားရေးနလန်ထူလာနိုင်ရန် အဓိက အရေးအကြီးဆုံးအချက်များမှာ ခြေတု/လက်တုများကို လက်လှမ်းမီရရှိနိုင်ရန်၊ လုပ်ငန်းခွင်တွင် အလုပ်ပြန်လည်ရရှိရန်နှင့် မိသားစု/သူငယ်ချင်းများ၏ ပံ့ပိုးကူညီမှုရရှိရန်တို့ ဖြစ်ပါသည်။ တပ်ပင်စင်ငွေ (သို့မဟုတ်) မိသားစု/ သူငယ်ချင်းများထံမှ ချေးငွေအကူအညီရရှိသော မသန်စွမ်းသူများသည် ရင်းနှီးမတည်ငွေကို စုဆောင်းနိုင်ကြပြီး ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်လာနိုင်ကြသည်ကိုလည်း တွေ့ရှိရသည်။

### ကိုညီညီအောင် (အသက် ၄၄ နှစ်)

သူသည် မိသားစုစိုက်ခင်းအနီး ဝါးခုတ်ရင်း မိုင်းနင်းမိပြီး ကလေးဘဝကတည်းက မသန်စွမ်းဖြစ်လာခဲ့သည်။ အသက် ၃၀ အရောက်တွင် သူသည် ကြက်ခြံတစ်ခု၌ အလုပ်ရရှိခဲ့ပြီး ၁၁ နှစ်အကြာ ဇနီးသည်ဘက် မိသားစုထံမှ ချေးငွေအကူအညီရရှိသောကြောင့် ကိုယ်ပိုင်ကြက်ခြံတစ်ခြံကို စတင်ထူထောင်နိုင်ခဲ့သည်။ အဆိုပါကြက်ခြံလုပ်ငန်းသည် အောင်မြင်သောကြောင့် နှစ်အနည်းငယ်အတွင်း ချေးငွေများကို ပြန်ဆပ်နိုင်ခဲ့ပြီး ယခုအခါ ခြံမှရရှိသော အမြတ်ဝင်ငွေများဖြင့် သူ၏မိသားစုကို ကောင်းစွာ ထောက်ပံ့နေနိုင်ပြီဖြစ်သည်။

ချေးငွေရရှိရေးအတွက် လူထုအခြေပြုအဖွဲ့အစည်းများအပေါ် မှီခိုနေရသော မသန်စွမ်းသူများက ထိုချေးငွေများသည် စီးပွားရေးလုပ်ငန်းသစ်များ စတင်ထူထောင်နိုင်ရန် မလုံလောက်ကြောင်း ပြောပြကြသည်။ သူတို့သည် ချေးယူရရှိသောအဆိုပါချေးငွေကို အရေးပေါ်အသေးသုံးကိစ္စရပ်များအတွက် အသုံးပြုလိုက်ရခြင်း၊ စားနပ်ရိက္ခာများ ဝယ်ယူရခြင်းနှင့် ဆေးကုသစရိတ်/ကျောင်းစရိတ်တို့အတွက် အသုံးပြုလိုက်ရခြင်းတို့ကြောင့် တဖြည်းဖြည်းလုံးပါးပါးပြီး ကုန်ဆုံးသွားကြသည်။

### မြေမြှုပ်မိုင်းများနှင့် နေရာရွှေ့ပြောင်းခံရခြင်း

မြေမြှုပ်မိုင်းမတော်တဆမှုများသည် မိသားစုများ (သို့မဟုတ် ရပ်ရွာလူထုတစ်ခုလုံး) အား အိုးအိမ်စွန့်ခွာ ထွက်ပြေးမှုလမ်းကြောင်းကို ဖြစ်ပေါ်စေသည်/တိုးပွားလာစေသည်။ မြေမြှုပ်မိုင်းများ၏တည်ရှိမှုသည် နေအိမ်များနှင့် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ခြိမ်းခြောက်နေပြီး အန္တရာယ်ဖြစ်စေနိုင်သည်။ လွှက်ခင်းအနီး မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာရသွားသော အသက် ၃၇ နှစ်ရှိ ကချင်ပြည်နယ်မှ အမျိုးသားတစ်ဦးက

"ကျနော် မတော်တဆမှုမဖြစ်ခင်တုန်း ကျနော်တို့ရွာသားတွေအားလုံးက တောင်ယာသမားတွေဖြစ်ကြပါတယ်။ အခုကျနော် အခုလိုဖြစ်ပြီး နောက်ပိုင်းမှာတော့ ဘယ်သူမှ သူတို့ယာခင်းထဲကို မသွားရဲကြတော့ဘူး။ တချို့ဆို မခူးရသေးတဲ့ သူတို့ရဲ့ လှက်ခင်းတွေကို ဒီအတိုင်းပစ်ထားလိုက်ကြတော့တယ်" ဟုဆိုသည်။

အိုးအိမ်စွန့်ခွာထွက်ပြေးကြရသော အရပ်သားများ၏အချို့သည် စီးပွားရေးနှင့်လုံခြုံမှုအခွင့်အလမ်းများ ရှာဖွေရန် မြို့ပေါ်သို့ ရွှေ့ပြောင်းသွားကြပြီး အချို့မှာ စစ်ရှောင်ဒုက္ခသည်စခန်းများသို့ ရောက်ရှိသွားကြကာ အချို့မှာမူ တရုတ်နိုင်ငံ (သို့မဟုတ်) ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။ ဤစစ်တမ်းတွင် တွေ့ဆုံမေးမြန်းထားသော မသန်စွမ်းသူများစွာသည် ပဋိပက္ခကြောင့် သူတို့၏နေရပ်ကို စွန့်ခွာထွက်ပြေးလာကြကြောင်း တွေ့ရှိရသည်။ စစ်ရှောင်ဒုက္ခသည်စခန်းများတွင် ဘဝရပ်တည်ရန် အခွင့်အလမ်းနည်းပါးသောကြောင့် များစွာသော ဒုက္ခသည်များသည် ၎င်းတို့ပိုင် လယ်ယာစိုက်ခင်းများသို့ ပြန်သွားပြီး ပြန်လည်ထွန်ယက်စိုက်ပျိုး အသက်မွေးဝမ်းကျောင်း ပြုလိုကြသည်။ သို့သော် မြေမြှုပ်မိုင်းများ တည်ရှိနေမှုသည် ၎င်းတို့နေရပ်ပြန်ရေးကို များစွာ အနှောက်အယှက်ဖြစ်နေစေသည်။

မြေမြှုပ်မိုင်းအန္တရာယ်ထူပြောစွာရှိနေသော မိမိတို့၏နေရပ်ကျေးရွာများသို့ ပြန်မသွားကြရန် ကေအိုင်အိုက အကြောင်းကြားထားကြောင်း မြေမြှုပ်မိုင်းကြောင့် မိသားစုဝင်တစ်ဦးသေဆုံးပြီး မိသားစုဝင်များစွာ မသန်စွမ်းဖြစ်သွားသော အမျိုးသားတစ်ဦး ပြောပြသည်။ အခြားတွေ့ဆုံမေးမြန်းမှုတွင် ပါဝင်သူများက မကြာသေးမီက တပ်မတော်သည် ရွှေ့ပြေးအစီအစဉ်အဖြစ် စစ်ရှောင်များကို ကချင်ပြည်နယ်အတွင်းရှိ မိမိနေရပ်ဒေသများသို့ ပြန်သွားကြရန် တိုက်တွန်းလျက်ရှိကြောင်း၊ တပ်မတော်သည် မိုင်းရှင်းလင်းရေးလုပ်ငန်းကို ဆောင်ရွက်နေသော်လည်း စိုက်ခင်း၊ သစ်တောနှင့် စမ်းချောင်းများအတွင်းတွင် လက်ကျန်မိုင်းများ ကျန်ရှိနေနိုင်သေးကြောင်း ပြောပြကြသည်။

**ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်မှု**

များစွာသောမသန်စွမ်းသူတို့သည် ဘဝပြန်လည်ထူထောင်နိုင်ရန်အတွက် လုံလောက်သော ဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူအသုံးပြုနိုင်မှုမရှိသေးကြောင်း တွေ့ရှိရသည်။ ဤစစ်တမ်းကို သုတေသနပြုသည့်အဖွဲ့က ပြည်နယ်အတွင်း မသန်စွမ်းသူများအတွက် ထောက်ပံ့မှုအခြေအနေနှင့် ပါတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်း ၅ ဖွဲ့ကို တွေ့ဆုံစကားပြောကြည့်ရာ အရပ်ဘက်အဖွဲ့များသည် တစ်စုံတစ်ယောက် မိုင်းထိခံရပါက ၎င်းအတွက် ရက်သတ္တပါတ်အတန်ကြာ ထောက်ပံ့ငွေပံ့ပိုးခြင်းနှင့် ခြေတု/လက်တုရရှိအောင် ဆောင်ရွက်ပေးခြင်းတို့အပေါ်တွင်သာ အလေးထားကူညီမှုပေးနေကြကြောင်း တွေ့ရှိရသည်။ ဤလုပ်ဆောင်ချက်သည် အရေးကြီးသလို မိုင်းဒဏ်သင့်ပြီးနောက်ပိုင်း ဝင်ငွေ မရှာဖွေနိုင်တော့ခြင်း စိန်ခေါ်မှုသည်လည်း အဓိကကြုံတွေ့ရသည့်အချက်ဖြစ်ကြောင်း မသန်စွမ်းသူများက ဖွင့်ဟသည်။ အရပ်ဘက်အဖွဲ့များသည် အဆိုပါပြဿနာကို သိမြင်သဘောပေါက်သော်လည်း ဝင်ငွေရလုပ်ငန်းများ ဖော်ဆောင်ပေးရန် အရင်းအမြစ်မလောက်မငဖြစ်နေမှုအခြေအနေကို ကြုံတွေ့နေကြရသည်။ တဘက်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်းနှင့် ကာလတို ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ ဖော်ဆောင်ပေးခြင်းတို့ကို အလေးထား ဆောင်ရွက်ပေးနေသည်များလည်းရှိသည်။ ဤသို့လုပ်ဆောင်ချက်များသည် ကုန်ကျစရိတ် ထိရောက်သက်သာသောနည်းလမ်းများဖြစ်သော်လည်း

မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုပေးနိုင်ရန် ပိုမိုပြည့်စုံသော အရင်းအမြစ်များ လိုအပ်နေသေးကြောင်း အချက်ကိုတော့ ကောင်းစွာ မီးမောင်းထိုးပြနေပါသည်။

ဤစီမံချက်သည် မသန်စွမ်းသူများအတွက် အထောက်အပံ့ဝန်ဆောင်မှုများပေးရန်လိုအပ်ချက်အပြင် အခြားပြဿနာများကိုလည်း ဖော်ထုတ်ပေးရာရောက်ပါသည်။ တအောင်းကျောင်းသားများနှင့် လူငယ်သမဂ္ဂ၏ အထွေထွေအတွင်းရေးမှူး Lway Hlar Reang ပြောပြချက်အရ အရပ်ဘက်အဖွဲ့အစည်းများသည် နောက်ဆက်တွဲ အကောင်အထည်ဖော်ထောက်ပံ့ကူညီမှုအစီအစဉ်မပါသော သုတေသနလေ့လာချက်များကိုသာ ပြုလုပ်နေကြသောကြောင့် အချို့မသန်စွမ်းသူများသည် အဆိုပါ အရပ်ဘက်အဖွဲ့များအပေါ် ယုံကြည်မှုမရှိကြတော့ကြောင်း သိရှိရသည်။ မသန်စွမ်းသူများ၏ဖြေဆိုချက်က သူတို့ကြုံတွေ့ရပုံအဖြစ်အပျက်များကို ရင်ဖွင့်ပြောပြလျှင် သူတို့လိုအပ်နေသောအကူအညီအချို့ သက်သာရာရလိမ့်မည်ဟု ယုံကြည်နေခဲ့ပြီး လက်တွေ့တွင် အကူအညီများ မရရှိသည့်အခါ ယုံကြည်မှု ကင်းမဲ့လာခြင်းနှင့်အတူ အကူအညီတောင်းခံလိုခြင်းလည်း မရှိကြတော့ချေ။ မသန်စွမ်းသူများအနေဖြင့် ၎င်းတို့၏မသန်စွမ်းမှုအတွက် ထောက်ပံ့မှုရရှိရေး စဉ်ဆက်မပြတ်ရှင်းပြနေရသည့် လိုအပ်ချက်သည် အချို့မသန်စွမ်းသူများအား အကူအညီမတောင်းရဲတော့ရန် တွန်းပို့နေသကဲ့သို့ ဖြစ်နေသည်။ Lway Hlar Reang သည် သူ့ဘဝအတွက် အကူအညီလိုအပ်နေသော်လည်း ကျွန်ုပ်တို့ကို အကူညီ မတောင်းခံရဲတော့ကြောင်း တွေ့ရသည်။ အကယ်၍ သူ အကူအညီတောင်းလိုက်လျှင် သူ့ဘဝရဲ့ ကြမ္မာဆိုးနေ့ရက်များအကြောင်းကို နောက်တစ်ခေါက်ပြန်ပြောင်း ပြောပြပေးရဦးမည့်အတွေးဝင်နေသည်။ ဤအချက်က သုတေသနစီမံကိန်းများသည် ဖြေဆိုချက်အမှားများပေးခြင်းကို ရှောင်ကြဉ်ရန်နှင့် သုတေသန၏ရည်ရွယ်ချက်ကို သက်ဆိုင်သူများအား ဂဃနဏ သေချာရှင်းပြပေးရန် အရေးကြီးကြောင်းကို မီးမောင်းထိုးပြနေပေသည်။ ထို့အပြင် အရပ်ဘက်အဖွဲ့များသည် ကျန်းမာရေးဆိုင်ရာ လေ့လာမှုများကို ညှိနှိုင်းလုပ်ဆောင်ကြခြင်းဖြင့် မြေပြုပ်မိုင်းဒဏ်သင့်မသန်စွမ်းသူများအတွက် ပိုမိုလုပ်ဆောင်ပေးကြရန် ဟူသောအချက်ကိုလည်း ထောက်ပြအကြံပြုနေပါသည်။

မသန်စွမ်းသူများသည် သူတို့လိုအပ်သော ဝန်ဆောင်မှုများကို တောင်းခံရာတွင် သင့်တော်သောဝင်ငွေ ရှိမနေခြင်းအချက်ကို သတိပြုမိသည်။ ကချင်ဖွံ့ဖြိုးရေးအဖွဲ့၏ အစီအစဉ်ညှိနှိုင်းရေးမှူး တူးလီက - "မသန်စွမ်းသူတွေဟာ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပေးမှုလည်း လိုအပ်နေတယ်။ တချို့ဆို မိသားစု မရှိဘူး။ အချို့တိုင်းရင်းသားစစ်ပြန်များကျတော့ သူတို့မိသားစုတွေက နေပြည်တော်အစိုးရ ထိန်းချုပ်နယ်မြေထဲမှာ ရောက်နေကြတာ။ အကူအညီရဖို့ သူတို့ အိမ်မပြန်ရဲကြဘူး" တအောင်းကျောင်းသားလူငယ်သမဂ္ဂမှ Lway Hlar Reang က မသန်စွမ်းသူများကို ပဋိပက္ခဒေသမှ ဝေးရာသို့ ရွှေ့ပြောင်းသွားလာစေခြင်းသည် အလှူရှင်များက ချမှတ်ထားသည့်စံနှုန်းသတ်မှတ်ချက်များအရ ကူညီထောက်ပံ့မှုပေးနေသည့် စီမံကိန်းများတွင် ၎င်းတို့အကျုံးမဝင်တော့ရန် လုပ်သကဲ့သို့ဖြစ်သွားနိုင်သည်။ ထိုနည်းတူ နေရပ်စွန့်ခွာထွက်ပြေးရသော မသန်စွမ်းသူများ နေရပ်ပြန်လည်ရောက်ရှိသွားလျှင် အဆိုပါနေရပ်သည် ပဋိပက္ခမဖြစ်ပွားသောဒေသဖြစ်ပါက ဝန်ဆောင်မှုများရရှိရန် အကျုံးဝင်နိုင်တော့မည်မဟုတ်ပါ။

## အပိုင်း (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အားလုံးအကျုံးဝင်မှု

ဤအစီရင်ခံစာ၏အပိုင်း (၁)တွင် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ပျက်စီးပုံ၊ မိုင်းဒဏ်သင့်မသန်စွမ်းသူများနှင့် ရပ်ရွာလူထု၏ ခံနိုင်ရည်ရှိမှု၊ သည်းခံဖွဲ့ရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများကြားမှ ပြန်လည်ထူထောင်လာနိုင်ပုံများကို တင်ပြခဲ့ပြီးဖြစ်သည်။ မိုင်းဒဏ်သင့်မသန်စွမ်းသူများတွင် အထူးလိုအပ်ချက်များရှိသလို ထိုလိုအပ်ချက်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း မည်သည့်ပြုပြင်ပြောင်းလဲမှုအဆင့်များတွင်မဆို ထည့်သွင်းဆောင်ရွက်ပေးရန် တရားဝင်တောင်းဆိုခွင့်ရှိသည်။ ယခု ဒုတိယပိုင်းတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်နေပုံနှင့်အတူ အခြားငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ အကျုံးဝင်မှုဆိုင်ရာ ဆောင်ရွက်ချက်အတွေ့အကြုံများအကြောင်းကို ထည့်သွင်းယှဉ်တွဲဖော်ပြပေးသွားမည်ဖြစ်သည်။ ထို့အတူ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မြေမြှုပ်မိုင်းများနှင့် မသန်စွမ်းမှုအရေးကိစ္စရပ်နှင့် သက်ဆိုင်သည့် မသန်စွမ်းသူများ၏အသံနှင့် ထင်မြင်ယူဆချက်များကိုလည်း တင်ပြသွားမည်ဖြစ်သည်။

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အားလုံးအကျုံးဝင်ရန် လိုအပ်ရခြင်း အကြောင်းရင်း

ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း လူမှုအသိုင်းအဝိုင်းပြင်ပရောက်လူအုပ်စုများ အကျုံးဝင်ရေးကိစ္စရပ်သည် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် လွှမ်းမိုးသောခေါင်းစဉ်တစ်ခုဖြစ်လာခဲ့သည်။ အားလုံးအကျုံးဝင်ရေးသည် HIPPO နှင့် ငြိမ်းချမ်းရေးအစီရင်ခံစာများအပါအဝင် နိုင်ငံတကာငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးရေးမျက်နှာစာတွင် မကြာသေးမီက ပြုလုပ်ခဲ့သော ပြန်လည်သုံးသပ်ချက်များ၏အုတ်မြစ်ဖြစ်လာသည်။ တရားမျှတမှု (ပြည်သူများသည် ၎င်းတို့၏ကိုယ်ပိုင်နိုင်ငံရေးအနာဂတ်ကို ပုံဖော်ရာတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်ရှိသည်) နှင့် ထိရောက်မှု (ပိုမိုကောင်းမွန်သောရလဒ်များဆီသို့ဦးတည်သည့် အားလုံးအကျုံးဝင်သော ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အထောက်အထားဖြင့် အကြံပြုခြင်း)များ ရရှိဖြစ်ပေါ်ရေးအတွက် အားလုံးအကျုံးဝင်မှုအပေါ် အရေးဆိုတိုက်တွန်းဆောင်ရွက်လာကြသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများနှင့် လူငယ်များ၏အခွင့်အရေးများ ထည့်သွင်းဆောင်ရွက်ရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဖြင့် ကုလသမဂ္ဂစနစ်အတွင်း အခိုင်အမာ ချမှတ်ထားပြီးဖြစ်သည်။ ပဋိပက္ခ၏သားကောင်များ၊ မသန်စွမ်းသူများနှင့် နေရပ်စွန့်ခွာထွက်ပြေးသူများ/ဒုက္ခသည်များ အပါအဝင် ဖယ်ကြဉ်ခံလူအုပ်စုများ၏ အကျုံးဝင်ရေးအချက်ကိုလည်း ငြိမ်းချမ်းရေးဖြစ်စဉ်အချို့၏ လုပ်ထုံးလုပ်နည်းများတွင် တိတိကျကျ ပြဌာန်းထားပြီးဖြစ်သည်။ အားလုံးပါဝင်နိုင်သောယန္တရားပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် သဘောတူညီမှုများ ပိုမိုရရှိနိုင်စေပြီး အဆိုပါသဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ကြသည်ကိုလည်း တွေ့မြင်ရသည်။

### အခြားငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရှိ မြေမြှုပ်မိုင်းများနှင့် မသန်စွမ်းမှုအရေးကိစ္စများ

မသန်စွမ်းသူများသည် ပဋိပက္ခအတွင်း အထိခိုက်လွယ်ဆုံးအုပ်စုများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ သူတို့သည် လိင်နှင့် ကျား/မအခြေပြုအကြမ်းဖက်ခံရမှု၏သားကောင်များ ဖြစ်လာနိုင်ချေရှိပြီး အသတ်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ ဖြစ်လာနိုင်သလို ၎င်းတို့၏အားနည်းချက်အတွက် အထူးပစ်မှတ်ထားခံရမှုများလည်း ကြုံတွေ့လာရနိုင်သည်။ အခြားတဘက်တွင်လည်း ဆေးဝါးကုသမှု ပိုမိုလိုအပ်သလို

ပဋိပက္ခနှင့်အတူယှဉ်တွဲပေါ်ပေါက်သည့် ဆိုးဝါးသော ကျန်းမာရေးစောင့်ရှောက်မှု ဒဏ်ကိုလည်း ခံစားကြရသည်။

မသန်စွမ်းသူများအကြောင်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ရည်ရွယ်ချက်ရှိစွာ ရံဖန်ရံခါသာ ထည့်သွင်းကြသည်။ မသန်စွမ်းသူများ၏ အထူးအခွင့်အရေးအကြောင်း ဖော်ပြရာတွင် ပုံမှန်အားဖြင့် ယေဘုယျဆန်ပြီး သေချာသော ကတိကဝတ်များ မပါဝင်ပါ။ မသန်စွမ်းသူများသည် ပြည်တွင်းငြိမ်းချမ်းရေး ဖိုရမ်များ/ဆွေးနွေးပွဲများတွင် တခါတရံ ပါဝင်ခွင့်ရကြသော်လည်း နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင်မူ ရှားရှားပါးပါး တွေ့ရခဲသည်။

ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများတွင် များသောအားဖြင့် မသန်စွမ်းသူများ၏အရေးကိစ္စကို လစ်လျူရှုချန်လှပ်ထားကြသည်။ နိုင်ငံရေးအရကျေအေးခြင်းသုတေသနအစီအစဉ် ငြိမ်းချမ်းရေး သဘောတူညီချက်များဆိုင်ရာ ဒေတာဘေ့စ် (PA-X) ရှိ ငြိမ်းချမ်းရေးသဘောတူညီချက် ၅၄၁ ချက်အပေါ် လေ့လာချက်အရ အဆိုပါအချက်များ၏ ၈၇ ချက် (၁၆ ရာခိုင်နှုန်း)တွင် မသန်စွမ်းသူများအကြောင်း ထည့်သွင်းထားသည်ကို တွေ့ရှိရသလို အခြား ၁၉၄ ချက် (၃၆ ရာခိုင်နှုန်း)တွင် အမျိုးသမီးများ၊ မိန်းခလေးငယ်များနှင့် ကျား/မဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်နေသည်ကို တွေ့ရှိရသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကိစ္စရပ်များဆောင်ရွက်ရာတွင် မသန်စွမ်းမှုကဏ္ဍ ပိုမိုထည့်သွင်းဆောင်ရွက်ရေး ကျန်ရှိနေသေးသည်ကို နှိုင်းယှဉ်တွေ့ရှိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းမှုဆိုင်ရာ သဘောတရားအယူအဆ နည်းလမ်းနှစ်သွယ်ရှိသည်။ ပထမတစ်ခုမှာ သက်ကြီးရွယ်အိုများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် ကလေးများကဲ့သို့ မသန်စွမ်းသူများကို ကာကွယ်စောင့်ရှောက်မှု (သို့မဟုတ်) တက်ကြွစွာပါဝင်မှုလိုအပ်သည့် အထူးအုပ်စုအမျိုးအစားအဖြစ် ဖော်ပြခြင်းဖြစ်သည်။ ဥပမာ - တောင်ဆူဒန်ရှိ ပဋိပက္ခဖြစ်ပွားနေသောအဖွဲ့များအကြား လက်မှတ်ရေးထိုးခဲ့သည့် ရန်လိုမုန်းတီးမှုများရပ်စဲခြင်း၊ အရပ်သားများအားအကာအကွယ်ပေးခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ လက်လှမ်းမီမှုများရရှိစေခြင်းဆိုင်ရာ သဘောတူညီချက် ၂၀၁၇ အရ အထူးစဉ်းစားချက်အနေဖြင့် အမျိုးသမီးများ၊ မိန်းကလေးများနှင့် အထူးလိုအပ်ချက်များရှိသူများအပေါ် အထူးကာကွယ်စောင့်ရှောက်မှုပေးထားခြင်းဖြစ်သည်။ (၂၀၁၇ ဒီဇင်ဘာ ၂၁ ရက်၊ အချက် ၅) ဒုတိယအချက်မှာ မသန်စွမ်းသူများ (အရပ်သားများရော စစ်မှုထမ်းဟောင်းများပါ) ကို အထူးလျော်ကြေးငွေ သို့မဟုတ် ကယ်ဆယ်ရေးအထောက်အပံ့ရရှိထိုက်သော ပဋိပက္ခ၏သားကောင်များအဖြစ် ရှုမြင်ဖော်ပြခြင်းဖြစ်သည်။

**ကိုယ်စားလှယ်ပါဝင်ခြင်း (ကိုလံဘီယာအစိုးရနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်)**

*ကိုလံဘီယာနိုင်ငံရှိ သမ္မတ ဂျူယန်မန်နျူရယ် ဆန်းတိုးစ် အစိုးရနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်တို့အကြား မကြာသေးမီက ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပဋိပက္ခ၏သားကောင်များဖြစ်ခဲ့ရသောအုပ်စုများဘက်မှ ကိုယ်စားလှယ် ၅ ဦးသည် ဟာဗားနားရှိ စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခွင့်ရရှိခဲ့သည်။ အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် ပဋိပက္ခဒဏ်သင့်လူအုပ်စုများကို ကိုယ်စားပြုသည့်အဖွဲ့အစည်းများနှင့် အခြားအရပ်ဘက်အဖွဲ့များမှ အဆိုပြုရွေးချယ်သော ဒေသအဆင့်မှ ၃ ဦးနှင့် အမျိုးသားအဆင့်မှ ၁ ဦးတို့ပါဝင်ပြီး ညှိနှိုင်းရေးစားပွဲဝိုင်းတွင် သဘောတူလာမည့် အချက်အလက်များဖြစ်လာအောင် စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။*

*သက်ဆိုင်ရာတာဝန်ရှိသူများက ပဋိပက္ခအတွင်း ၎င်းတို့သည်ချိုးဖောက်မှုများ ကျူးလွန်ထားမှုမရှိကြောင်း ကနဦးတွင် ခုခံပြောဆိုနေခြင်းကြောင့် အခြားတစ်ဖက်တွင် ပဋိပက္ခအတွင်း ကျရောက်ခဲ့ရသော သားကောင်များအနေဖြင့် ၎င်းတို့၏ကိုယ်စားလှယ်အဖွဲ့အတွက် ပါဝင်သူများကိုရွေးချယ်ရာတွင် အလွန်တရာ အငြင်းပွားဖွယ်ရာများ ကြုံတွေ့ခဲ့ရသည်။ နောက်ပိုင်းတွင် တာဝန်ရှိသူများက ၎င်းတို့ ကျူးလွန်ထားသည့်အပစ်များသည် မဖြစ်စလောက် နည်းပါးသယောင် သွယ်ဝိုက်ပြောဆိုလာကြပြီး ပြိုင်ဘက်ရန်သူထက် သူတို့ကြောင့်ဖြစ်ပေါ်သော ကျူးလွန်ခံရသူအရေအတွက်မှာ နည်းပါးကြောင်း ပြသလုပ်ဆောင်လာကြသည်။*

*ထို့ကြောင့် ကိုယ်စားလှယ်များ၏ပါဝင်မှုသည် အဖွဲ့အစည်းများကို ကိုယ်စားပြုတာမျိုး မဟုတ်တော့ပဲ တစ်ဦးချင်းအပေါ်တွင် အခြေခံလာပြီး သူတို့ကိုယ်သူတို့ ပဋိပက္ခ၏သားကောင်အဖြစ် ရပ်တည်ပါဝင်ပြောဆိုသော ကိုယ်စားလှယ် ၇၇ ဦးအထိရှိလာခဲ့သည်။ ကိုယ်စားလှယ်တစ်ဦးချင်းစီသည် တာဝန်ရှိသူများ တက်ရောက်နားထောင်သည့် လျှို့ဝှက်အစည်းအဝေးများတွင် ၁၅ မိနစ်ခန့်ကြာ စကားပြောခွင့်ရရှိခဲ့သည်။ ကိုယ်စားလှယ်များသည် အစိုးရနှင့် လက်နက်ကိုင်တော်လှန်ရေးတပ် (FARC) တို့အား ပဋိပက္ခအတွင်း ရာဇဝတ်မှုများနှင့် အလွဲသုံးစားမှုများတွင် ၎င်းတို့၏တာဝန်ရှိမှုအပေါ် အသိအမှတ်ပြုလက်ခံလာရန် စည်းရုံးပြောဆိုနိုင်ခဲ့ကြသည်။*

ငြိမ်းချမ်းရေးသဘောတူညီချက်များသည် အကောင်အထည်ဖော်မှုအပိုင်းတွင် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို အထူးဂရုပြုအလေးထားလုပ်ဆောင်ရန် ထည့်သွင်းတောင်းဆိုနိုင်သည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ်တွင် ဘုရင့်ကာကွယ်ရေးတပ်နှင့် ယူဂန်ဒါအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် လက်နက်ဖျက်သိမ်းခြင်း၊ တပ်ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းဆိုင်ရာသဘောတူညီချက်တွင် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် အထူးလိုအပ်ချက်ရှိသူများအတွက် တိကျသောပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်ရန် တာဝန်ရှိမှုကို ကတိကဝတ်ပြုထားသည်။

မသန်စွမ်းမှုအလေးဂရုပြုသည့်ပြဋ္ဌာန်းချက်များအား အကောင်အထည်ခြင်းသည် လူ့အဖွဲ့အစည်းအနေဖြင့် မသန်စွမ်းသူများနှင့်ဆက်နွယ်နေမှုပုံသဏ္ဌာန်ကို အကောင်းဘက်သို့ ကူးပြောင်းရေးအတွက် ပိုမို အထောက်အကူဖြစ်စေနိုင်ပါသည်။ ဥပမာ - တောင်အာဖရိကနှင့် ယူဂန္ဒာနိုင်ငံများသည် သူတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများကဏ္ဍကို ပြုပြင်ပြောင်းလဲရေး၏အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းအကောင်အထည်ဖော်ခဲ့သောကြောင့် ယခုအခါ ထိုနိုင်ငံများသည် ကမ္ဘာပေါ်တွင် မသန်စွမ်းသူများအတွက် အကောင်းဆုံးမူဝါဒများရှိရာ နိုင်ငံများအဖြစ် ပြောစမှတ်ပြုခံနေကြပြီဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် များသောအားဖြင့် မြေမြှုပ်မိုင်းကဏ္ဍကို ထည့်သွင်း ဖော်ပြလေ့ရှိကြသည်။ ထိုသို့ဖော်ပြရာတွင် ပါဝင်ဘက်အုပ်စုများသည် သူတို့ထောင်ထားသည့်မြေမြှုပ်မိုင်းများကိုရှင်းလင်းရန် ထည့်သွင်းကတိကဝတ်ပြုခြင်းပါဝင်သလို မြေမြှုပ်မိုင်းများ တည်ရှိရာနေရာနှင့်ပတ်သက်သည့် သတင်းအချက်အလက်ဖလှယ်ခြင်းတို့လည်း ပါဝင်သည်။ ဥပမာ - မော်ဝါဒီနီပေါကွန်မြူနစ်ပါတီနှင့် နီပေါအစိုးရတို့အကြား ၂၀၀၆ ငြိမ်းချမ်းရေးသဘောတူညီချက်အရ နှစ်ဘက်အုပ်စုများသည် အောက်ပါအချက်ကို ကတိပြုကြသည်။

"လက်နက်ကိုင်ပဋိပက္ခအတွင်း အသုံးပြုခဲ့သော မြေမြှုပ်မိုင်းများနှင့် ထောင်ချောက်များတည်နေရာကို အမှတ်အသားပြုရာတွင် အပြန်အလှန်ကူညီလုပ်ဆောင်နိုင်ရေးအတွက် ပုံကြမ်းများ၊ မြေပုံများနှင့် သိုလှောင်ထားမှုဆိုင်ရာ သတင်းအချက်အလက်များကို ရက်ပေါင်း ၃၀ အတွင်း ပေးအပ်ကြရန်နှင့် အားလုံးကို ရက်ပေါင်း ၆၀ အတွင်း ဖျက်ဆီးပစ်ကြရန်"

မြေမြှုပ်မိုင်းများရှင်းလင်းခြင်းသည် မသန်စွမ်းမှုအရေးကိစ္စကို အလေးထားဆောင်ရွက်ခြင်းဖြစ်သည်။ ပဋိပက္ခများချုပ်ငြိမ်းသွားသည့်တိုင် မြေကြီးထဲတွင် ကျန်နေခဲ့သော မြေမြှုပ်မိုင်းများသည် ဆယ်စုနှစ်များစွာ မသန်စွမ်းသူများကို ဆက်လက်ဖြစ်ပွားနေစေနိုင်ပါသည်။

## ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ခြင်းဆိုသည်မှာ

ဖယ်ကြဉ်ခံထားရသော ထိခိုက်လွယ်သောအုပ်စုများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာစေရန် အဓိကနည်းလမ်းနှစ်ခုရှိသည်။ ပထမတစ်ခုမှာ ၎င်းတို့၏အဖွဲ့ဝင်အချို့ကို ကိုယ်စားပြုအနေဖြင့် ပါဝင်စေခြင်းဖြစ်သည်။ ဤအချက်သည် မသန်စွမ်းသူများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကိုယ်တိုင်ပါဝင်စေသည့်ပုံစံဖြစ်သည်။ ဒုတိယအချက်မှာ ၎င်းတို့နှင့်ဆက်နွယ်သက်ဆိုင်သည့်ကိစ္စရပ်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းဆွေးနွေးပေးခြင်းဖြစ်သည်။ ဥပမာအားဖြင့် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အထူးအစီအစဉ်အဖြစ် (သို့မဟုတ်) အခြားခေါင်းစဉ်များ၏အစိတ်အပိုင်းအဖြစ် ထည့်သွင်းပေါင်းစပ်ဆွေးနွေးပေးခြင်းမျိုးဖြစ်သည်။ ဤနည်းလမ်း ၂ ရပ်ကို တပြိုင်တည်းပေါင်းစပ်အကောင်အထည်ဖော်နိုင်လျှင် အထိရောက်ဆုံးဖြစ်ပါလိမ့်မည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကိုယ်စားလှယ်များပါဝင်မှု

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဖွဲ့ဝင်များပါဝင်နိုင်သော အပိုင်း ၂ ပိုင်းရှိသည်။ ပထမတစ်ပိုင်းမှာ အဖွဲ့သည် ညှိနှိုင်းဆွေးနွေးမှုများတွင် ကိုယ်တိုင်ပါဝင်ခြင်းဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများကို ၂၁ ရာစုပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အဓိက ပြုလုပ်ကြသည်။ အဆိုပါညီလာခံများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့က ၂၀၁၅ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထားထားသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၏ အောက်တွင် ကျင်းပကြသည်။ UPC နှင့် UPDJC တို့ကို တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ လွှတ်တော်ကိုယ်စားပြုနိုင်ငံရေးပါတီများ၊ NLD အစိုးရကိုယ်စားလှယ်များနှင့် တပ်မတော်မှ ကိုယ်စားလှယ်များဖြင့် ပါဝင်စုဖွဲ့ထားသည်။ အစိုးရနှင့်တပ်မတော်၊ အစိုးရနှင့် NCA ကို လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်များအကြား ကျင်းပနေသော ဆွေးနွေးပွဲများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းဖြစ်သည်။ ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများ

ပါဝင်ရေးသည် ပါဝင်ဘက်အစုအဖွဲ့များ (တိုင်းရင်းသားလက်နက်ကိုင်များ၊ နိုင်ငံရေးပါတီများ၊ အစိုးရနှင့် တပ်မတော်) အနေဖြင့် ဆွေးနွေးပွဲသို့ စေလွှတ်သောကိုယ်စားလှယ်အုပ်စုတွင် မသန်စွမ်းသူများကို ထည့်သွင်းနိုင်လျှင် ဖြစ်နိုင်ပါသည်။ ဤသို့ပါဝင်ရာတွင် နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့အစုအဖွဲ့အတွင်း ဆွေးနွေးမှုပြုလုပ်နိုင်သည့်အရေးပါသော ရာထူးနေရာများတွင် မသန်စွမ်းသူများကို နေရာမပေးပါက ခွဲခြားဆက်ဆံရာရောက်သည့် အဟန့်အတား ကြုံရနိုင်ပါသည်။ အဆိုပါအချက်သည် မသန်စွမ်းသူများအနေဖြင့် ဦးဆောင်မှုအခန်းကဏ္ဍတွင် ရှိမနေသေးခြင်းအချက်ကို ညွှန်ပြနေသည်။ အမျိုးသမီးများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ပြင်ပရောက်နေခြင်းကို ညှိယူရန် ဆောင်ရွက်စဉ်က ယခုအချက်ကို ဆွေးနွေးအသုံးပြုခဲ့ဖူးသည်။ တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေဆိုသူများက အဆိုပါအချက်ကို အသိအမှတ်ပြုပြီး အရည်အချင်းရှိသော မသန်စွမ်းသူများသာ ပါဝင်ဆွေးနွေးသင့်ကြောင်း အကြံပြုကြသည်။ အသက် ၄၂ နှစ်ရှိ Saulang Yaw Chang က -

"အရည်အချင်းရှိတဲ့ မသန်စွမ်းသူများသာလျှင် မသန်စွမ်းလူထုကို ကိုယ်စားပြုသင့်တယ်။ ဆွေးနွေးပြီးရင်လည်း မသန်စွမ်းလူထုဆီ ပြန်လာပြီး ဘာတွေဆွေးနွေးခဲ့တယ်ဆိုတာ ပြန်ပြောပြသင့်တယ်။ ပြီးတော့ အချင်းချင်း အပြန်အလှန် အားပေးသင့်တယ်" ဟုဆိုသည်။

အခြားအခွင့်အလမ်းတစ်ခုလည်း ရှိနိုင်ပါသည်။ ငြိမ်းချမ်ရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးခေါင်းဆောင်သစ်များ၊ မသန်စွမ်းသူများ သေချာစွာပါဝင်နိုင်ရန် ဝေပုံကျခွဲတမ်းစနစ် ကျင့်သုံးမည်ဆိုလျှင် ဤအချက်သည် ဆွေးနွေးပွဲများအား အားလုံးအကျုံးဝင်မှုဆီသို့ ဦးတည်ပြောင်းလဲသွားစေနိုင်ပါသည်။

ဒုတိယအချက်မှာ မသန်စွမ်းအဖွဲ့များသည် ၎င်းတို့၏ထင်မြင်ယူဆချက်များကို ပါဝင်အကြံပြုခြင်း (သို့မဟုတ်) နည်းပညာအထောက်အကူပြုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ UPDJC သည် မြန်မာနိုင်ငံတဝန်း အမျိုးသားအဆင့်ဆွေးနွေးပွဲများ ဖြစ်မြောက်ရန် တာဝန်ယူရပြီး အဆိုပါဆွေးနွေးပွဲရလဒ်များကို လက်ခံရယူရသည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသားအဆင့် ဆွေးနွေးပွဲအမျိုးအစား ၃ မျိုးရှိသည်။ လူမျိုးအလိုက်ဆွေးနွေးပွဲများ၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲများနှင့် ဒေသအလိုက် ဆွေးနွေးပွဲများ ဖြစ်ကြသည်။ အဆိုပါဆွေးနွေးပွဲများတွင် မသန်စွမ်းသူများ၏ အချိုးကျပါဝင်မှုကို ချမှတ်ဆောင်ရွက်နိုင်သည်။ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုပူးတွဲကော်မတီသည် အပစ်အခတ်ရပ်စဲရေးနှင့်သက်ဆိုင်သည့် စစ်ဘက်ရေးရာကိစ္စရပ်များကို စောင့်ကြည့်ခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးစကားဝိုင်းများအပိုင်းကို တာဝန်ယူရသည်။ ပဋိပက္ခတင်းမာမှုများ လျှော့ပါးရေးနှင့် အပစ်အခတ်ရပ်စဲမှုနှင့်နှီးနွှယ်သည့် ကိစ္စရပ်များအပေါ် စေ့စပ်ညှိနှိုင်းဆွေးနွေးပေးရခြင်းများလည်း ပါဝင်သည်။ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုပူးတွဲကော်မတီတွင် မသန်စွမ်းသူများပါဝင်နိုင်ရေးသည် ၎င်းတို့အုပ်စု၏အထူးလိုအပ်ချက်များ ဖော်ဆောင်လာနိုင်ရေးကို ဦးတည်စေပါသည်။ တွေ့ဆုံမေးမြန်းခြင်းတွင်ပါဝင်သူများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများပါဝင်မှုကို ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံကြောင်း ပြောကြားခဲ့သည်။ တပ်မတော်စစ်ပြန်နှင့် ဆံသဆရာ အသက် ၅၈ နှစ်ရှိ ကိုတင်စိုးက

"မသန်စွမ်းသူများဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကိုယ်စားပြုပါဝင်ဆောင်ရွက်ဖို့ အသင့်တော်ဆုံးသူများဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မသန်စွမ်းသူများရဲ့ ခံစားချက်တွေကို မသန်စွမ်းသူကသာလျှင် ပိုမိုသိရှိနားလည်နိုင်တဲ့အတွက် ဖြစ်ပါတယ်" ဟုဆိုသည်။

နေအိမ်မှပျောက်ဆုံးသွားသော အိမ်မွေးတိရစ္ဆာန်လေးကို ထွက်ရှာရင်း မိုင်းထိသွားသော ကချင်ပြည်နယ်မှ အသက် ၄၇ နှစ်ရှိ အမျိုးသားတစ်ဦးက -

"အိမ်တစ်အိမ်မှာ မိသားစုဝင်တိုင်းက မိသားစုအရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ကြသလို မသန်စွမ်းသူတွေလည်း လူ့အဖွဲ့အစည်းရဲ့ အရေးကိစ္စဆောင်ရွက်မှုတွေမှာ ပါဝင်ခွင့် ရသင့်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်နေကြသူတွေကို ကျနော် ပြောချင်တာက ငြိမ်းချမ်းရေးဆိုတာ ဒီနိုင်ငံမှာ နေထိုင်သူတိုင်းနဲ့ သက်ဆိုင်ပါတယ်။ ဒါကြောင့် ကိုယ့်ဘက်တစ်ဘက်တည်းကနေပဲ အမြင်တစ်ခုတည်းနဲ့ မစဉ်းစားကြပါနဲ့။ ပါဝင်ဆွေးနွေးတဲ့ ကိုယ်စားလှယ်တွေဟာ ကိုယ် ကိုယ်စားပြုတဲ့လူထုဘက်ကနေ စဉ်းစားသင့်ပါတယ်" ဟုဆိုသည်။

## ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မသန်စွမ်းမှုကိစ္စရပ်များ ပါဝင်ရန်ဆောင်ရွက်ခြင်း

မသန်စွမ်းသူများ၏အရေးကိစ္စကို ငြိမ်းချမ်းရေးလုပ်ငန်း အစီအစဉ်တွင် ပါဝင်လာနိုင်စေရေး သေချာအောင်ဆောင်ရွက်ကြမည့်အချက်သည် အဓိက ကျပေသည်။ မသန်စွမ်းသူများ၏အရေးကိစ္စကို ညှိနှိုင်းဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်အောင်ဆောင်ရွက်ခြင်းသည် အဆိုပါကိစ္စရပ်များကို ထည့်သွင်း ဆွေးနွေးလာစေရေးနှင့် သဘောတူညီမှုများ ချမှတ်လာစေရေးတို့အတွက် အထောက်အကူဖြစ်စေသည်။

နောက်တဆင့်အနေဖြင့် ဖြစ်လာနိုင်သည်မှာ ဆောင်ရွက်မှုအစီအစဉ်များတွင် မသန်စွမ်းသူများအရေးကိစ္စ ပါဝင်လာပါက ထိုမှတဆင့် မူဘောင်များအဆင့်အထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ဥပမာအားဖြင့် မသန်စွမ်းမှုအကြောင်းအရာသည် အခြားအကြောင်းအရာများဖြစ်သော လူ့အခွင့်အရေး၊ နိုင်ငံရေး ပါဝင်ကိုယ်စားပြုမှု၊ လူမှုဖူလုံရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု (မြေမြှုပ်မိုင်းများနှင့်စပ်လျဉ်း၍) စသည်တို့နှင့်လည်း ပတ်သက်ဆက်နွှယ်နေသောကြောင့်ဖြစ်သည်။ နောက်ဥပမာတစ်ခုမှာ ၂၀၀၂ - ၂၀၀၈ ကာလအတွင်း သီရိလင်္ကာအစိုးရနှင့် တမီးလ်လွတ်မြောက်ရေးပျောက်ကျားအဖွဲ့ (LTTE) အကြား ဆောင်ရွက်ခဲ့သည့်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ငြိမ်းချမ်းရေးကဏ္ဍနှင့်ဆက်နွှယ်သည့် လူ့အခွင့်အရေး ကိစ္စရပ်များအပေါ် သဘောတူညီမှုတစ်ရပ် ထည့်သွင်းဖော်ဆောင်ထားသည်ကို တွေ့ရှိရသည်။ အဆိုပါသဘောတူညီမှုတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အားလုံးလိုက်နာရမည့် လူ့အခွင့်အရေးဆိုင်ရာမူဘောင်တစ်ခုထားရှိရေးကို ဆက်လက်ဆွေးနွေးကြရန် ပါဝင်ဘက်အုပ်စုများက အောက်ပါအတိုင်း ကတိကဝတ်ပြုထားသည်။

- ပဏာမသဘောတူညီချက်တွင် လက်တွေ့စောင့်ကြည့်နိုင်သော အခြေခံလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေစံနှုန်းများကို သေချာစေသည့် ပင်မအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းရန်။
- မြေမြှုပ်မိုင်းများကဏ္ဍဆောင်ရွက်ရန်။
- မသန်စွမ်းသူများ၏အခွင့်အရေးများ ထည့်သွင်းဖော်ဆောင်ရန်။

သီရိလင်္ကာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မြေမြှုပ်မိုင်းကဏ္ဍနှင့်အတူ မသန်စွမ်းမှုအရေးကိစ္စကို လူ့အခွင့်အရေးကိစ္စရပ်အဖြစ် ရှုမြင်သဘောထားသည်ကို တွေ့ရသည်။ အခြားငြိမ်းချမ်းရေးဖြစ်စဉ်များတွင် မြေမြှုပ်မိုင်းကဏ္ဍကို လူမှုဖူလုံရေးနှင့်ဆိုင်သော၊ တရားမျှတမှုနှင့်ဆိုင်သော၊ ပဋိပက္ခအတွင်း တာဝန်ခံမှုနှင့်ဆိုင်သော ကိစ္စရပ်အဖြစ် ခံယူဆောင်ရွက်ကြသည်။ အချို့ဖြစ်စဉ်များတွင်မူ

မသန်စွမ်းမှုအရေးကိစ္စကို သီးခြားမလုပ်တော့ပဲ အခြားအကြောင်းအရာများစွာ၏အောက်တွင် ထည့်သွင်းဆောင်ရွက်ကြသည်များလည်း ရှိသည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများကဏ္ဍ ပိုမိုလွှမ်းခြုံပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် သက်ဆိုင်သည့်အစီအစဉ်အားလုံးတွင် မသန်စွမ်းမှုကိစ္စရပ်ကို ထည့်သွင်းသွားရန်ဖြစ်ပါသည်။

**ငြိမ်းချမ်းရေးအပေါ် နားလည်သဘောပေါက်ခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်သည့် အယူအဆများ**

တွေ့ဆုံမေးမြန်းခဲ့သော မသန်စွမ်းသူများနှင့် မိသားစုဝင်များအကြားတွင် ငြိမ်းချမ်းရေးဖြစ်စဉ်အကြောင်း သိရှိမှု လွန်စွာနည်းပါးနေသည်ကို တွေ့ရှိရသည်။ တစ်ဝက်မပြည့်တပြည့်ဖြစ်သော ၄၉ ရာခိုင်နှုန်းကသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း ကြားဖူးပြီး အများစုက ဂဃနဏ မသိရှိကြချေ။ ဤအချက်ကြောင့် ၎င်းတို့တွင် နိုင်ငံရေးယုံကြည်ချက်မရှိဟု ပြော၍မရပါ။ ၎င်းတို့၏အများစုသည် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ဆိုင်သည့်ကိစ္စရပ်များအပေါ်တွင် ပြင်းပြင်းပြပြ စိတ်ဝင်စားကြပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှတဆင့် အဆိုပါလုပ်ဆောင်ချက်များကို ရရှိရေးကို လိုလားကြသည်။

အသက် ၅၂ နှစ်ရှိ ဦးဖိုးခီးက

“ကျနော်တို့ တအောင်းတွေမှာ ကိုယ်ပိုင်နယ်မြေရှိသင့်တယ်။ အခုလက်ရှိအနေအထားအရ ကျနော်တို့ဒေသကို တအောင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို့ နာမည်ပေးထားပေမဲ့ တကယ်တမ်းမှာက အရာရာတိုင်းကို တပ်မတော်ကပဲ စီမံဆောင်ရွက်နေတာပါ” ဟုဆိုသည်။

ဆက်လက်ပြီး သမီး ၂ ဦးရော တူမပါ မိုင်းဒဏ်သင့်ခံခဲ့ရသော အသက် ၅၂ နှစ်ရှိ ဒေါ်အေးအွန်က -

“တပ်မတော်က ကျမတို့ရဲ့ နယ်မြေနဲ့ အခွင့်အလမ်းတွေကို သိမ်းပိုက်ထားတယ်။ ဒါကြောင့် အခု တပ်မတော်နဲ့ တအောင်းလက်နက်ကိုင်တပ်တွေကြားမှာ တိုက်ပွဲဖြစ်နေရတာပါ။ အရပ်သားတွေက အလယ်မှာ ပိတ်မိနေတယ်။ တပ်မတော်က သူ့နေရာမှာပဲ သူနေမယ်ဆိုရင် ငြိမ်းချမ်းရေးရနိုင်ပါတယ်” ဟုဆိုသည်။

တွေ့ဆုံမေးမြန်းခဲ့သူအများစုက ငြိမ်းချမ်းရေးကိုထောက်ခံကြောင်း ဖော်ပြကြသည်။ ဤဖော်ပြချက်သည် မသန်စွမ်းသူများအား စစ်၏ဆိုးကျိုးများကို ခံစားခဲ့ဖူးသူ လူအုပ်စုအဖြစ် သတ်မှတ်သော ရိုးရှင်းသည့် ဖော်ပြချက်ဖြစ်ပေသည်။

တွေ့ဆုံမေးမြန်းခဲ့သူအားလုံးနီးပါးက ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းဖြင့်သာ ငြိမ်းချမ်းရေးရရှိနိုင်ကြောင်း လက်ခံယုံကြည်ထားကြသည်။ ရှမ်းပြည်နယ်တွင် လှော်ခြံသို့သွားရင်း လမ်းတွင်မိုင်းဒဏ်သင့်ခံရသော အသက် ၃၇ နှစ်ရှိ ကိုလှအောင် ပြောပြသည်က -

“လက်နက်ကိုင်ပြီးတိုက်ခိုက်နေရုံနဲ့ ငြိမ်းချမ်းရေးမရနိုင်ဘူး။ စားပွဲဝိုင်းမှာ ညှိနှိုင်းဆွေးနွေးခြင်းနည်းလမ်းဖြင့်သာ ငြိမ်းချမ်းရေး ရနိုင်မှာ” ဟုဆိုသည်။

ငြိမ်းချမ်းရေးအပေါ် မည်သို့နားလည်သနည်းဟု မေးမြန်းကြည့်သည့်အခါ ဖြေဆိုသူများစွာက လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်ရေးအတွက် အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေသည့် အနှုတ်လက္ခဏာဆောင်သော ငြိမ်းချမ်းရေးဟု ဆိုကြသည်။ ဥပမာတစ်ခုပြရလျှင် တပ်မတော်စစ်ပြန်ကြီးတစ်ဦးဖြစ်သူ အသက် ၅၇ နှစ်ရှိ ဦးသန်းငွေက

"ငြိမ်းချမ်းရေးအပေါ် ကျနော့ရဲ့ အမိပ္ပါယ်ဖွင့်ဆိုချက်ကို ပြောပါဆိုရင် စစ်ပွဲတွေမရှိတော့ရင် ငြိမ်းချမ်းသွားတယ်ဆိုတာပါပဲ" ဟုဆိုသည်။

ဖြေဆိုသူများ၏ ၃ ပုံ ၁ ပုံဖြစ်သော ၂၉ ရာခိုင်နှုန်းက ငြိမ်းချမ်းရေးဆိုသည်မှာ နှောင့်ယှက်တိုက်ခိုက်ခံရမှုဘေးက ကင်းဝေးပြီး လွတ်လပ်စွာ သွားလာနိုင်ခွင့်ရှိခြင်းဟု အမိပ္ပါယ်ဖွင့်သည်။ ကေအိုင်အိုတွင် တာဝန်ထမ်းဆောင်ရင်း မိုင်းထိပြီး မသန်စွမ်းဖြစ်လာသော အသက် ၄၂ နှစ်ရှိ Saulang Yaw Chang က "ကျနော်နားလည်တဲ့ ငြိမ်းချမ်းရေးဆိုတာ ဗမာတွေရဲ့ စစ်ဆေးမေးမြန်းခံရမှုရန်က ကင်းဝေးပြီး လွတ်လွတ်လပ်လပ် သွားလာနိုင်ခြင်းလို့ နားလည်တယ်" ဟုဆိုသည်။ အခြားမသန်စွမ်းသူများက ငြိမ်းချမ်းရေးဆိုသည်မှာ သိက္ခာရှိသောဘဝအတွက် ဝင်ငွေရှာဖွေနိုင်ခွင့်ရှိခြင်းဟု ဖြေဆိုကြသည်။ လှော်ကူးသွားရင်း ခြေတစ်ဘက်ဆုံးရှုံးခဲ့ရသော အသက် ၃၇ နှစ်ရှိ ကိုလှအောင်က

"တပ်မတော်နဲ့ တအောင်းတပ်တွေဟာ သူတို့ရဲ့ အကျိုးစီးပွားနဲ့ နယ်မြေအတွက် တိုက်နေကြတာလို့သာထင်တယ်။ ကျနော်က နိုင်ငံရေးသမားလဲမဟုတ်ဘူး၊ စီးပွားရေးသမားလဲမဟုတ်ဘူး။ ကျနော်သိတာက ကျနော့လှော်ခြံမှာ လှော်စိုက်ဖို့ပဲ။ ငြိမ်းချမ်းရင် ကျနော် လှော်တွေပိုစိုက်နိုင်မယ်။ ဒါပါပဲ" ဟုဖွင့်ဟသည်။

ခေါက်ဆွဲဆိုင်တွင် ဖုံးပေါက်ကွဲရင်း မသန်စွမ်းဖြစ်သွားသော အသက် ၆၀ အရွယ် ဒေါ်အေးဆွိုင်က "တိုက်ပွဲတွေမရှိရင် ပြည်သူတွေ လွတ်လွတ်လပ်လပ် သွားလာနေထိုင်နိုင်မယ်" ဟုဆိုသည်။

မသန်စွမ်းသူများအတွက် ငြိမ်းချမ်းရေး၏အရေးကြီးဆုံးအချက်တစ်ခုမှာ ပဋိပက္ခကြောင့် စွန့်ပစ်ထားခဲ့ရသော သူတို့၏မြေယာနှင့်နေအိမ်များသို့ ပြန်သွားခွင့်ရရှိရေးဖြစ်သည်။ အသက် ၄၈ နှစ်ရှိ DKBA မှ စစ်ပြန်တစ်ဦးက ကရင်ပြည်နယ်ရှိ ပဋိပက္ခများ ပြေလည်လာမှုနှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးအပေါ် သူ၏အမြင်ကို အောက်ပါအတိုင်း ပြောပြသည်။

"ကျနော်နားလည်တာက ငြိမ်းချမ်းရေးဆိုတာ စိတ်ချမ်းသာသုခ ရရှိခြင်းလို့ထင်တယ်။ အရင်ကဆိုရင် ကျနော်တို့ဆီမှာ နိုင်ငံရေးအခြေအနေက မကောင်းခဲ့ဘူး။ အမဲရောင်နယ်မြေလို့ ခေါ်ကြတာပေါ့။ ဗမာစစ်သားတွေတွေ့ရင် သူတို့က မျက်နှာကိုရိုက်တယ်၊ တဘက်က ကရင်စစ်သားတွေကိုလဲ ကြောက်ရသေးတယ်။ ရန်သူတွေဘယ်မှာလဲလို့မေးရင် ကိုယ်ဒုက္ခရောက်မှာစိုးတဲ့အတွက် မသိဘူးလို့ ဖြေရတယ်။ ဒီလိုအတွေ့အကြုံမျိုး တခါမှ မရှိခဲ့ဘူး။ အခုဆိုရင် လမ်းမှာတွေ့ရင် ကျနော်တို့ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်နေကြပြီ" ဟုဆိုသည်။

**မြေမြှုပ်မိုင်းအသုံးပြုမှုအပေါ် တာဝန်ခံမှုရှိခြင်း**

မသန်စွမ်းဖြစ်လာသော ဒဏ်ရာဒဏ်ချက်အတွေ့အကြုံများသည် မြေမြှုပ်မိုင်းထောင်သည့် တာဝန်ရှိသူများအပေါ် နာကြည်းချက်ဖြစ်စေသည်။ ၁၉၉၀ ခုနှစ်တွင် တပ်မတော်၏ ပေါ်တာဆွဲမှုခံရစဉ် မသန်စွမ်းဖြစ်လာသော ကရင်ပြည်နယ်မှ အသက် ၆၄ နှစ်ရှိ ဒေါ်မြသန်းက -

"ပထမတော့ ကေအန်ယူဘက်က လူတွေကို ကျမသတ်ချင်တာ။ ကျမ လမ်းလဲမလျှောက်နိုင်တော့ဘူး၊ သားသမီးတွေကလည်း အရမ်းငယ်တော့ မချက်တတ် မပြုတ်တတ်နဲ့ပေါ့။ ကျမ တော်တော်ကို ဒုက္ခရောက်ခဲ့တာ" ဟုဆိုသည်။

မသန်စွမ်းဖြစ်လာခြင်းကြောင့် သူမသည် အစပိုင်းနှစ်အနည်းငယ်အတွင်းမှာပင် ကြောက်မက်ဖွယ်ရာနာကျင်မှုများကို ခံစားရပြီး လမ်းလျှောက်တတ်ရန် များစွာ ပြန်လေ့ကျင့်ခဲ့ရသည်။ အကြိမ်များစွာ ခြေတုတပ်ဆင်ခဲ့ရပြီး နှစ်ပေါင်းများစွာ လမ်းလျှောက်လေ့ကျင့်ခဲ့ရသည်။ သို့ဖြင့် တဖြည်းဖြည်း လမ်းလျှောက်လာနိုင်သည်။ နှစ်ပေါင်း ၃၀ ကြာပြီးနောက် သူမ၏သားသမီးများလည်း အရွယ်ရောက်၊ အိမ်ထောင်ပြုလာကြပြီး နောက်ဆုံးတွင် သူမ၏မိသားစုသည် ဝက်သားကင်ဆိုင်လုပ်ငန်းတစ်ခုကို ထူထောင်ဖွင့်လှစ်လုပ်ကိုင်လာနိုင်ခဲ့သည်။ ယခုဆိုလျှင် သူမ ပြောပြသည်က "ကျမ ကုသိုလ်ကံလို့ပဲ ခံယူပြီး ကေအန်ယူကိုလဲ ခွင့်လွှတ်ပါတယ်" ဟုဆိုသည်။

တွေ့ဆုံမေးမြန်းခဲ့သော မသန်စွမ်းသူအများစုက မြေမြှုပ်မိုင်းဆက်လက်အသုံးပြုမှုကို ဆန့်ကျင်ပြီး မိုင်းထောင်သူများကို မကျေနပ်ကြောင်း ပြောပြကြသည်။ ခွင့်လွှတ်ရန် အချိန်ယူကြရဦးမည်ဖြစ်သည်။ သစ်ကုမ္ပဏီအတွက် အလုပ်လုပ်ရင်း ကရင်ပြည်နယ်တွင် ခြေတစ်ဘက်ဆုံးရှုံးခဲ့ရသော အသက် ၄၇ နှစ်ရှိ ကိုတီနောနော်က -

"ငြိမ်းချမ်းမှုရှိရင် ပိုကောင်းတာပေါ့။ မြေမြှုပ်မိုင်းထောင်တဲ့လူတွေကို ကျနော် မမုန်းပါဘူး။ အမုန်းတရားထားတာ မကောင်းဘူးလေ။ မိုင်းထောင်တဲ့လူတွေကို ပြောချင်တာက သူတို့ထောင်တဲ့မိုင်းက စစ်သားတွေထက် ကျနော်တို့အရပ်သားတွေကို ပိုပြီး ထိခိုက်စေတယ်" ဟုဆိုသည်။

မသန်စွမ်းသူများစွာသည် ပဋိပက္ခအတွင်း မြေမြှုပ်မိုင်းအသုံးပြုခြင်းအတွက် တာဝန်ရှိသူများထံမှ တောင်းပန်ခြင်းမျိုးကိုလိုလားကြသည်။ တူမ၊ သမီးနှစ်ဦးတို့နှင့်အတူ ထိခိုက်ဒဏ်ရာရရှိခဲ့သော အသက် ၅၂ နှစ်ရှိ ဒေါ်အေးအွန်က -

"မိုင်းထောင်ခဲ့တဲ့ တာဝန်ရှိအဖွဲ့တွေအနေနဲ့ တောင်းပန်သင့်တယ်။ ဒီလိုတောင်းပန်လိုက်လို့ လျော်ကြေးပေးစရာမလိုပါဘူး။ ကျမ မိသားစုနဲ့အတူ ငြိမ်းငြိမ်းချမ်းချမ်း ဘေးကင်းကင်းနဲ့ နေချင်တယ်" ဟုဆိုသည်။

ပဋိပက္ခကြောင့်မသန်စွမ်းဖြစ်လာသူများအား လျော်ကြေးပေးခြင်းသည် မြေမြှုပ်မိုင်းအသုံးပြုမှုအတွက် တာဝန်ခံမှုတစ်ရပ်ဖြစ်သင့်သည်ဟု ဤစစ်တမ်းတွင် တွေ့ဆုံမေးမြန်းခဲ့သော မသန်စွမ်းသူအများစုက ဆိုကြသည်။ အသက် ၄၆ နှစ်ရှိ ကိုဘောက်ဒီက "မိုင်းထိခံရတဲ့သူတွေဟာ လျော်ကြေးရသင့်တယ်။ ကေအိုင်အိုထောင်တဲ့ မိုင်းဖြစ်ခဲ့တယ်ဆိုဦးတော့ မြန်မာအစိုးရအနေနဲ့ လျော်ကြေးပေးသင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့မသန်စွမ်းတွေက မြန်မာနိုင်ငံသားတွေလေ" ဟုဆိုသည်။

အသက် ၆၂ နှစ်ရှိ တပ်မတော်စစ်ပြန်တစ်ဦးက တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် သူတို့၏ မသန်စွမ်းစစ်ပြန်များကို ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်ဟုဆိုသည်။ ကေအန်ယူစစ်ပြန်တစ်ဦးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တပ်မတော်ဘက်မှ မသန်စွမ်းစစ်ပြန်များကိုသာ လျော်ကြေးပေးပြီး တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ စစ်ပြန်များကို ဘာမျှမပေးကြောင်း သူ၏ ယခင်ရဲဘော်ရဲဘက်များထံမှ ကြားသိခဲ့ဖူးသည်ဟုဆိုသည်။

သက်ကြီးရွယ်အိုအချို့က - လျော်ကြေးပေးမည်ဆိုလျှင် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ပံ့ပိုးမှုပေးသည့်ပုံစံမျိုးမဖြစ်သင့်ကြောင်း၊ ပင်စင်ပုံစံမျိုးဖြစ်သင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူကဲ့သို့သော မသန်စွမ်းသူများသည် အသက်အရွယ်ရလာပြီဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း

အလုပ်များကိုလုပ်ကိုင်ရန် မဖြစ်နိုင်ကြောင်း ထောက်ပြကြသည်။ အသက် ၄၈ နှစ်ရှိ တပ်မတော်စစ်ပြန်တစ်ဦးက လျော်ကြေးပေးခြင်း၊ တောင်းပန်ခြင်းများပြုလုပ်ရုံဖြင့် မလုံလောက်ကြောင်း သူ၏အမြင်ကို ဤသို့ပြောပြသည်။

"မသန်စွမ်းတစ်ချို့ကတော့ မိုင်းထောင်သူများအနေနဲ့ သူတို့ရဲ့တာဝန်ရှိမှုအတွက် တောင်းပန်တာမျိုးကို လက်ခံကောင်းလက်ခံကြမယ်။ ဒါပေမဲ့ ကျနော့အတွက်တော့ တောင်းပန်ရုံနဲ့ မလုံလောက်ဘူးလို့မြင်တယ်။ ကျနော့ကို တမျိုးမထင်နဲ့။ လျော်ကြေးရချင်လို့ ပြောနေတာလဲမဟုတ်ဘူး။ ကျနော်ဆိုလိုချင်တာက မသန်စွမ်းသူတွေအနေနဲ့ အခြေခံအခွင့်အရေးတွေရဖို့ ပိုထိုက်တန်တယ်။ အစိုးရက အဲ့ဒါကို အလေးအနက်ထားပြီး လုပ်ပေးဖို့လိုတယ်"

## အကြံပြုတိုက်တွန်းချက်များ

<u>တိုက်တွန်းချက် (၁) - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများ ပါဝင်သင့်သည်။</u>

မသန်စွမ်းသူများသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တို့တွင် ကိုယ်စားလှယ်ပါဝင်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရရှိသင့်သည်။

<u>တိုက်တွန်းချက် (၂) - ငြိမ်းချမ်းရေးဆွေးနွေးမှုအစီအစဉ်များတွင် မသန်စွမ်းသူများအရေးကိစ္စ ထည့်သွင်း ဆွေးနွေးသင့်သည်။</u>

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အောက်ရှိ သက်ဆိုင်ရာအလုပ်အဖွဲ့များ၏ ဆွေးနွေးမှုအစီအစဉ်တွင် ဆက်စပ်ခေါင်းစဉ်များအလိုက် မသန်စွမ်းသူများ၏အရေးကိစ္စကို ထည့်သွင်း ဆွေးနွေးသင့်သည်။

<u>တိုက်တွန်းချက် (၃) - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် သက်ဆိုင်သူများအား စစ်မဲ့ဇုန်များမှ မြေမြှုပ်မိုင်းများအား ရှင်းလင်းပေးရန်တောင်းဆိုသင့်သည်။</u>

မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ဆောင်မှုသည် မရှိသလောက်နီးပါးပင်ဖြစ်သည်။ အပစ်အခတ်ရပ်စဲထားသောနယ်မြေများမှ မြေမြှုပ်မိုင်းများရှင်းလင်းခြင်း (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း လုပ်ဆောင်ခြင်းသည် အရပ်သားများ ထပ်မံထိခိုက်ဒဏ်ရာရမှုနှင့် မသန်စွမ်းဖြစ်မှုများကို တားဆီးကာကွယ်ပေးရာရောက်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏သဘောတူညီချက်တွင် မြေမြှုပ်မိုင်းများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းတာဝန်တစ်ရပ်ကို ထည့်သွင်းထားရမည်။

<u>တိုက်တွန်းချက် (၄) - ပြန်လည်နေရာချထားရေးအစီအစဉ်တွင် ရွာမြေများသာမက စိုက်ခင်းများနှင့် သစ်တောများအတွင်း ကျယ်ပြန့်သော မိုင်းရှင်းလင်းရေးကဏ္ဍပါဝင်သင့်သည်။</u>

နေရပ်စွန့်ခွာထွက်ပြေးသူများအား ပြန်လည်နေရာချထားသည့်ရွှေ့ပြောင်းအစီအစဉ်အဖြစ် မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်ကို မကြာသေးမီက စတင်ခဲ့သည်။ သို့သော် ဤအစီအစဉ်တွင် ရွာမြေများသာ ပါဝင်သည်။

အကယ်၍ မိုင်းများသည် စိုက်ခင်းများနှင့်သစ်တောများတွင် ကျန်ရှိနေပါက နေရပ်ပြန်လာသည့် ဒေသခံများသည် ထိခိုက်မှုအသစ်များထပ်မံရရှိနိုင်ပြီး မြေမြှုပ်မိုင်းနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခြင်းသံသရာသည် တစ်ပတ်ပြန်လည် လည်ပတ်လာနိုင်သည်။

<u>တိုက်တွန်းချက် (၅) - မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အပံ့များ ဖြည့်ဆည်း ပေးသင့်သည်။</u>

မသန်စွမ်းသူများသည် ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်း ဆုံးရှုံးမှုများ တွေ့ကြုံ ခံစားနေရသည်။ မသန်စွမ်းဖြစ်မှုနှင့်ဆက်နွှယ်သော လူမှုရေးအထီးကျန်မှုနှင့် မိမိကိုယ်မိမိတန်ဖိုးထားမှု လျော့ကျခြင်းတို့သည် အလုပ်လုပ်ခွင့်နှင့် တည်တံ့သောမိသားစုထူထောင်ခွင့် ဆုံးရှုံးခြင်းတို့ကြောင့်ဖြစ်သည်။ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပံ့ပိုးမှုပေးခြင်းသည် ဤပြဿနာကို ပြေလည်စေသည့် နည်းလမ်းတချို့ဖြစ်ပါသည်။

<u>တိုက်တွန်းချက် (၆) - မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများသည် အထူးပင်စင်ထောက်ပံ့ကြေးများ ရရှိသင့်သည်။</u>

မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများသည် ပဋိပက္ခ၏သားကောင်များဖြစ်ကြရသည့်အတွက် တာဝန်ခံမှုတစ်ရပ်အနေဖြင့် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဆုံးရှုံးသွားသော ၎င်းတို့၏ဝင်ငွေနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများအတွက် လျော်ကြေးပေးသင့်သည်။

<u>တိုက်တွန်းချက် (၇) - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မြေမြှုပ်မိုင်းကြောင့်ဖြစ်ပေါ်သော ထိခိုက်ဒဏ်ရာ အနာတရများနှင့် မသန်စွမ်းဖြစ်မှုများအတွက် တရားဝင်တောင်းပန်မှုတစ်ရပ် ပါဝင်သင့်သည်။</u>

ငြိမ်းချမ်းရေးရရှိရန် အမှန်တရားနှင့်တရားမျှတမှုသည် မရှိမဖြစ်လိုအပ်သည်။ မြေမြှုပ်မိုင်း အသုံးပြုခြင်းအတွက် တာဝန်ရှိသူများက တရားဝင်တောင်းပန်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မဖြစ်မနေ လုပ်ဆောင်ရမည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။

## နိဂုံး

မြေမြှုပ်မိုင်းနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် မသန်စွမ်းဖြစ်မှုများသည် မြန်မာနိုင်ငံ လက်နက်ကိုင်ပဋိပက္ခ၏ အစဉ်အလာအရ ဆိုးဝါးသောအမွေတစ်ခုဖြစ်သည်။ မိုင်းရှင်းလင်းရေး မလုပ်ဆောင်ပဲ ငြိမ်းချမ်းရေးသဘောတူညီချက်ကို သိပ်မဝေးသည့်အနာဂတ်တွင် ရရှိနိုင်သော်လည်း မြေမြှုပ်မိုင်းများသည် မျိုးဆက်သစ်များအား ထိခိုက်ဒဏ်ရာရစေခြင်း၊ မသန်စွမ်းဖြစ်စေခြင်းနှင့် အသက်ဆုံးရှုံးစေခြင်းတို့ကို ဆက်လက်ဖြစ်ပေါ်နေစေဦးမည်ဖြစ်သည်။

မသန်စွမ်းသူအများစု ရှုမြင်လက်ခံထားသကဲ့သို့ မြေမြှုပ်မိုင်းများ၏ခြိမ်းခြောက်မှုနှင့်အတူ ၎င်းတို့၏နေအိမ်များကို ပြန်လည်ဝင်ရောက်ခွင့်မရခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုအန္တရာယ်များ ဆက်လက်ဖြစ်ပွားနေမည်ဆိုလျှင် လက်နက်ကိုင်အုပ်စုများ၏ လက်နက်ဖျက်သိမ်းခြင်းသည် ငြိမ်းချမ်းရေးကို အမှန်တကယ်ဆောင်ကြဉ်းလိမ့်မည်မဟုတ်ပါ။

မြေမြှုပ်မိုင်းကြောင့်ဖြစ်ပေါ်သောမသန်စွမ်းဖြစ်မှုများသည် လူများ၏အသက်အိုးအိမ်နှင့် ရပ်ရွာလူထုကို အကြီးအကျယ် အနှောင့်အယှက်ဖြစ်ထိခိုက်စေသည်။ မြေမြှုပ်မိုင်းမတော်တဆမှုများသည် ထုံးစံအားဖြင့်

မိုင်းတည်ရှိရာ ဒေသများတွင် အသက်မွေးဝမ်းကျောင်းပြုနေသော အထိခိုက်လွယ်ဆုံးအုပ်စုများအပေါ် သက်ရောက်မှုဖြစ်စေသည်။ ၎င်းတို့သည် ပုံမှန်အားဖြင့် ဤမတော်တဆမှုများမှ ပြန်လည်ထူထောင်ရန် အခက်ခဲဆုံးသောသူများလည်း ဖြစ်ကြသည်။

မြေမြှုပ်မိုင်းဒဏ်သင့်မသန်စွမ်းသူများသည် အထူးလိုအပ်ချက်များရှိနေဆဲပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အားဖြင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲပြုပြင်ပြောင်းလဲမှုများတွင် ၎င်းတို့၏ လိုအပ်ချက်များကို ထည့်သွင်းဆောင်ရွက်ပေးရန် တရားဝင်တောင်းဆိုခွင့်ရှိသည်။ ဤစစ်တမ်းတွင် တွေ့ဆုံမေးမြန်းခဲ့သော မသန်စွမ်းသူများမှ ဖော်ထုတ်ထားသည့်အတိုင်း ၎င်းတို့ခံစားနေရသော ဆင်းရဲဒုက္ခများအပေါ် အသိအမှတ်ပြုခံရခြင်းနှင့် တာဝန်ရှိသူများထံမှ တောင်းပန်မှုရရှိခြင်းတို့ဖြင့် ၎င်းတို့အတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှုရရှိရေး လိုအပ်ချက်လည်း ပါဝင်သည်။ ၂၀၂၀ အစောပိုင်းတွင် တပ်မတော်သည် အဆိုပါကိစ္စရပ်များကို ရပ်တန့်သွားမည်ဟု ထပ်ခါတလဲလဲ အာမခံထားသည့်တိုင် မြေမြှုပ်မိုင်းများကို ၎င်းတို့ဝင်ရောက်သောနယ်မြေများတွင် ဆက်လက်ထားနေဆဲ ဖြစ်သည်။ မသန်စွမ်းသူများက ပြောပြသော လိုအပ်ချက်များတွင် ၎င်းတို့၏ မတူကွဲပြားသော လိုအပ်ချက်များနှင့်ဆီလျော်ကိုက်ညီသည့် ထောက်ပံ့မှုနှင့်လျော်ကြေးပေးခြင်းပုံစံတို့ပေါ်လွင်သော တရားမျှတမှုရရှိရေးပါဝင်နေပေသည်။

အခြားငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ မသန်စွမ်းသူများသည် ရလဒ်ထွက်ပေါ်သည့် သဘောတူညီချက်များထဲတွင် ၎င်းတို့၏လိုအပ်ချက်များကို ထည့်သွင်းအသိအမှတ်ပြုပေးရန် အောင်မြင်စွာ တိုက်တွန်းနိုင်ခဲ့ကြသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဝိုင်းဝန်းဖိအားပေးမှုကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များထဲတွင် မသန်စွမ်းသူများအား ဖိတ်ခေါ်ဆွေးနွေးခြင်း၊ အချို့သောကိစ္စရပ်များတွင် မသန်စွမ်းကိုယ်စားလှယ်များအား ညှိနှိုင်းရေးစားပွဲဝိုင်း၌ ပါဝင်စေခြင်း နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရှိရသည်။ နောက်ဆုံးအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အားလုံးပါဝင်နိုင်ရေး မဟာဗျူဟာများချမှတ်ရာတွင် မသန်စွမ်းအုပ်စုအတွက် မည်သူက ထိရောက်စွာ ကိုယ်စားပြု တင်ပြပြောဆိုပေးနိုင်သည်ကို စဉ်းစားရန်အရေးကြီးပေသည်။ ဤအစီရင်ခံစာတွင် ရှင်းပြထားသကဲ့သို့ မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများသည် ဘုံအတွေ့အကြုံများကို မျှဝေကြသော်လည်း ၎င်းတို့တွင် အခြေအနေ မတူကွဲပြားမှုနှင့် နိုင်ငံရေးအမြင်နှင့်မတူညီမှုများရှိနေကြပါသည်။ ထို့ကြောင့် မသန်စွမ်းသူများထံမှ အသံတစ်ခုတည်းထွက်ရန် မျှော်လင့်၍မရနိုင်ပါ။

ပဋိပက္ခဒဏ်ခံစားရသော မသန်စွမ်းသူများအတွက် လျော်ကြေးငွေပေးရန်ဆွေးနွေးမှု ကိစ္စရပ်ကဲ့သို့သော တရားမျှတမှုရရှိရေး ဖော်ဆောင်ပေးမှုအခွင့်အလမ်းသည် ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်စဉ် ကာလအတွင်းကတည်းက ဖြစ်ရမည်။ အောင်မြင်သော ငြိမ်းချမ်းရေးသဘောတူညီချက်များသည် ခံစားခွင့်ရရှိထိုက်သူများအတွက် အလှူရှင်များထံမှ အကူအညီများရရှိလာအောင် ဆောင်ကြဉ်းပေးနိုင်လေ့ရှိသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်တွင်ပါဝင်သော မသန်စွမ်းမှုကိစ္စရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များအားဖြင့် မသန်စွမ်းသူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာရောက်သည့် အနာဂတ်လူမှုရေးမူဝါဒများ ဖော်ဆောင်ပေးခြင်းအစဉ်အလာကို ထူထောင်ပြီး လူ့အဖွဲ့အစည်းအနေဖြင့်

၎င်းနှင့်ဆက်နွှယ်သည့် နိုင်ငံသားမသန်စွမ်းသူများ၏ ရေရှည်ပြန်လည်ထူထောင်ရေးဖြစ်စဉ်အပေါ် များစွာ အကူအညီပေးနိုင်ပါသည်။

**နောက်ဆက်တွဲ (၁) နည်းနာနိဿယများ**

နောက်ခံသတင်းအချက်အလက်ပေးရန် အခြားအဖွဲ့အစည်းများက ရည်ရွယ်ပြုလုပ်ခဲ့သော လေ့လာထားမှုများနှင့် ယခုသုတေသနအားဖြင့် အဆိုပါလေ့လာချက်များကို ပိုမိုဖြည့်စွက်ပြည့်စုံနိုင်စေရန် ရည်မှန်းပြီး ဤသုတေသနလေ့လာချက်ကို ပြုလုပ်ဖော်ထုတ်ခြင်းဖြစ်ပါသည်။

ဒုတိယအဆင့်တွင် သုတေသီများသည် မြေမြှုပ်မိုင်းနှင့်ဆက်စပ်သောမသန်စွမ်းသူများ၏အတွေ့အကြုံများကို နားလည်နိုင်ရန်အတွက် စနစ်တကျပြုလုပ်ထားသောအင်တာဗျူးများမှတစ်ဆင့် မသန်စွမ်းသူများ၏ အတ္ထုပ္ပတ္တိဆိုင်ရာ ဘဝဇာတ်ကြောင်းများကို ရယူစုဆောင်းခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများသည် အချိန် တစ်နာရီမှ နှစ်နာရီအကြား ကြာမြင့်ခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သူများအနက် ၉၀ ရာခိုင်နှုန်းမှာ မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများဖြစ်ပြီး အချို့မှာ အမြောက်ဆံထိမှန်မှုအပါအဝင် အခြားပေါက်ကွဲစေတတ်သောမတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရသွားသူများ ဖြစ်ကြသည်။ မသန်စွမ်းသူများ၏ လတ်တလောအသံကို ပုံဖော်ပြောပြပေးနိုင်မည့် တစ်ဦးချင်းပုဂ္ဂိုလ်များကို ရွေးချယ် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။

ဘဝဇာတ်ကြောင်းဖော်ထုတ်ထားသည့် ဤသုတေသနသည် လူပုဂ္ဂိုလ်တစ်ဦး၏ဘဝအတွေ့အကြုံများအပေါ် အဓိက အခြေပြုထားပြီး ပါဝင်သူများကို သူတို့၏ကိုယ်ပိုင်စကားများနှင့် ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုချက် များအားဖြင့် သူတို့၏အတွေ့အကြုံများကို ပြောပြရန် ခွင့်ပြုခဲ့ပါသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် မသန်စွမ်းဖြစ်မှုကိစ္စရပ်များအား စုံစမ်းဖော်ထုတ်ရန် သင့်လျော်အထောက်အပံ့ဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါအချက်သည် ဖယ်ကြဉ်ခံအုပ်စုများ၏ ရှုထောင့်အမြင်သဘောထားများကို အာရုံစိုက်ရာရောက်သည့်နည်းလမ်း ဖြစ်သောကြောင့် ဖြစ်ပါသည်။

အတ္ထုပ္ပတ္တိနှင့် ဘဝဇာတ်ကြောင်းအပေါ်သုတေသနပြုချဉ်းကပ်မှုသည် မသန်စွမ်းလူအုပ်စု၏ ကိုယ်စားပြု ပုံရိပ်ကိုပုံဖော်ရန် ကြိုးပမ်းအားထုတ်မှုမဟုတ်ပဲ လူပုဂ္ဂိုလ်တစ်ယောက်ချင်းစီ၏ ဘဝအကြောင်းအရာများ အပေါ် အဓိကပုံဖော်ခြင်းဖြစ်သည်။ ဤချဉ်းကပ်လုပ်ဆောင်ချက်သည် အနည်းငယ်သာ နားလည်ပေးမှု ခံရသော လူအုပ်စုများအပေါ် ရှုထောင့်အမြင်သစ်များကိုလည်း မွေးဖွားပေးရာလည်းရောက်ပါသည်။

ဘဝဇာတ်ကြောင်းနှင့်ဆိုင်သော တွေ့ဆုံမေးမြန်းထားမှုများအား ထူးခြားအရည်အသွေးမီအောင် လုပ်ဆောင်ထားပြီး တွေ့ဆုံမေးမြန်းခံရသူထံမှ သူတို့ကိုယ်တိုင် ပါဝင်သုံးသပ်မှုကို ဖော်ထုတ်သည့် မေးခွန်းများ ထည့်သွင်းတည်ဆောက်ထားသော သုတေသနလုပ်ဆောင်မှုပုံစံအဖြစ် တွေ့မြင်နိုင်ပါသည်။

**သုတေသနမေးခွန်းများ**

ဤလေ့လာမှုစီမံကိန်းတွင် မေးမြန်းခဲ့သော သုတေသနမေးခွန်းများမှာ -

- မြေမြှုပ်မိုင်းကြောင့် မသန်စွမ်းမှုများ ဘယ်လို ဖြစ်ပွားသလဲ။

- မြေမြှုပ်မိုင်းကြောင့် ဖြစ်ပေါ်လာသော မသန်စွမ်းဖြစ်မှုများက လူတွေရဲ့ဘဝအပေါ် ဘယ်လိုသက်ရောက်သလဲ။
- မသန်စွမ်းသူတွေဟာ သူတို့ဘဝမှာ ဘယ်လိုစိန်ခေါ်မှုတွေကို ရင်ဆိုင်ကြုံတွေ့နေရလဲ။
- မသန်စွမ်းသူများသည် သူတို့ရဲ့မသန်စွမ်းဖြစ်လာမှုအပေါ် ဘယ်လို စီမံဖြတ်သန်းကြသလဲ။
- မသန်စွမ်းဖြစ်မှုသည် မသန်စွမ်းသူတို့၏မိသားစုများအပေါ် ဘယ်လို ရိုက်ခတ်သလဲ။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မသန်စွမ်းသူများ ပါးချင်တဲ့ သတင်းစကားတွေက ဘာတွေလဲ။

**နမူနာချဉ်းကပ်မှုပုံစံ**

ဤနမူနာပုံစံကို အားလုံးပါဝင်နိုင်ရန် ဒီဇိုင်းပြုလုပ်ထားပြီး မသန်စွမ်းသူများ၏အတွေ့အကြုံများအပေါ် မတူကွဲပြားသောရုပ်ပုံလွှာအဖြစ် ပုံဖော်ထားသည်။ အချက်အလက်ရယူစုဆောင်းရာတွင် ကိုယ်စားပြုမှုနည်းလမ်းထက် ကျပန်းနမူနာနည်းစနစ်ကို အသုံးပြုထားသည်။ တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ခဲ့သော အုပ်စုများမှာ -

- လူငယ်များ (၁၈ - ၃၀ နှစ်ကြား)
- သက်ကြီးရွယ်အိုများ (အသက် ၆၀ နှစ်အထက်)
- အမျိုးသမီးများနှင့် အမျိုးသားများ
- စစ်ပြန်စစ်မှုထမ်းများ
- နေရပ်စွန့်ခွာ ထွက်ပြေးသူများ

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များသို့ သွားရောက်ပြီး တွေ့ဆုံမေးမြန်းမှု ၄၆ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ထိုသို့သွားရောက်ရာတွင် အဆိုပါပြည်နယ်များရှိ လမိုင်း၊ ရေး၊ ဘားအံ၊ နော်ကော်၊ သီလောင်၊ ဖန်းမော်၊ လိုင်ဇာနှင့် နမ့်စန်ဒေသများ ပါဝင်သည်။ တွေ့ဆုံမေးမြန်းမှုများတွင် မသန်စွမ်းသူများနှင့်မေးမြန်းမှု ၃၄ ကြိမ်၊ မသန်စွမ်းမိသားစုဝင်များနှင့်မေးမြန်းမှု ၆ ကြိမ်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံမေးမြန်းမှု ၆ ကြိမ် ပါဝင်ပါသည်။

*ဘာသာပြန်ဆိုသူ - နေလင်းစိုး*